# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၈)


### ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## တနင်္သာရီမြစ်ရေပြင်အတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုပြုလုပ်

တနင်္သာရီ ဇွန် ၁၈


တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း သဘာဝဘေးကျရောက်ပါက အထိရောက်ဆုံးနှင့်အမြန်ဆုံး ကယ်ဆယ်ရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့နံနက် ၉ နာရီက တနင်္သာရီမြစ်ရေပြင်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစီးသောပူးပေါင်းအဖွဲ့များက ရေပြင်အသက်ကယ်ရေးသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁ ✻*

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် ဇွန် ၁၈

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်ကို ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ




### ယနေ့ ဖတ်စရာ


ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၄) — ဆောင်းပါး — စာ ၆

အဆိုးသံသရာထဲက ယနေ့ကမ္ဘာ — ဆောင်းပါး — စာ ၁၀

အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီလေကြောင်းခရီးစဉ်များ ဖျက်သိမ်း — နိုင်ငံတကာသတင်း — စာ ၁၄

အထက်မင်းလှမြို့နယ်၌ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း — စီးပွားရေးသတင်းများ — စာ ၁၆





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၈**

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးရေိယာအတွင်းရှိ ယာယီအရာထမ်းအိမ်ရာဝန်းကျင်၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှုအားပေး**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကား ပြောကြားကာ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး **(ယာပုံ)** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ထိန်းသိမ်းပြုစု**

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်း ကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင်ပေါင်း ၈၆၂၁ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အဆင့်(၂)အတွက် ပြည်ပမှ မှာယူထားသော တည်ဆောက်ရေး ပစ္စည်းများ ဆိပ်ကမ်းသို့ရောက်ရှိပါက အမြန်ထုတ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်များလည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Machine Hall အတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ အဆင့်(၂) ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ ၇၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ စက်တင်ဘာလအတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ အဆိုပါ ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက လက်ရှိ ဓာတ်အားပေးစက် နှစ်လုံးမှ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိရာမှ ၁၂၀ မဂ္ဂါဝပ်သို့ တိုးမြှင့်၍ဓာတ်အားထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်မောင်းနှင်နိုင်ရန်အတွက် ကျောက်မီးသွေးသိုလှောင်ရုံများအတွင်း ကျောက်မီးသွေးများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ပြာသိုလှောင်ရုံအတွင်း ကျောက်မီးသွေးပြာများ စနစ်တကျထုပ်ပိုးသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း စက်ယာဉ်/ ယန္တရားကြီးများဖြင့် ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများ စဉ်ဆက်မပြတ် ဆက်လက်တူးဖော်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကလောမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဓာတ်အားခွဲရုံ ဧည့်ရိပ်သာအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများ အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ – တရုတ်သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၈**

မြန်မာ – တရုတ်နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသည့် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ – တရုတ်သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု စာအုပ်မိတ်ဆက်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ် – မြန်မာချစ်ကြည်ရေးအသင်း၊ တရုတ်–မြန်မာကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံတရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်မြို့ရှိ တရုတ်သတင်းအေဂျင်စီများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခန်းမအတွင်း တရုတ်–မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များ စုစည်းမှုစာအုပ်များ၊ မှတ်တမ်းနှင့် DVD များ ခင်းကျင်းပြသပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ–တရုတ် နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့ မိတ်ဆက်သည့် ဓာတ်လမ်းပုံပြင်များ စုစည်းမှုစာအုပ်သည် နှစ်နိုင်ငံပြည်သူများ၏ နက်ရှိုင်းသည့် ချစ်ကြည်ရင်းနှီးမှုများကို စာအုပ်တွင် မှတ်တမ်းတင်ထားရှိပြီး များပြားလှစွာသော ပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်ဖြန့်ဝေ၍နောင်လာနောက်သားမျိုးဆက်သစ် လူငယ်များထံ လက်ဆင့်ကမ်းသွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့တွင် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅) နှစ်ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ဖော်ညွှန်းသော စာပေများကို စုစည်းဆောင်ရွက်ခြင်းဖြစ်၍ အလွန်ကောင်းမွန်သော ရည်ရွယ်ချက်လည်း ဖြစ်ပါကြောင်း။

### တရုတ်ဂန္ထဝင်ဝတ္ထုရှည်ဖြစ်

တရုတ် – မြန်မာဘာသာပြန်စာပေနှင့် ကဗျာများသည် မြန်မာနိုင်ငံတွင်လည်း ထင်ရှားပြီး တရုတ်ဂန္ထဝင် ဝတ္ထုရှည်ဖြစ်သော Dream of the Red Cham– ber ဝတ္ထုသည် တရုတ်နိုင်ငံ၏ ကျော်ကြားသော ဂန္ထဝင်လက်ရာစာအုပ်လေးအုပ်ထဲမှ တစ်အုပ်အနေဖြင့် ပါဝင်သည်ဟု သိရပါကြောင်း၊ ထိုစာအုပ်ကို ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာကြီး မြသန်းတင့်က “ခန်းဆောင်နီအိပ်မက်” အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ၌ ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိခဲ့ပါကြောင်း၊ ထိုဝတ္ထုကို GXR TV က ရိုက်ကူးပြသခဲ့ရာ တရုတ်နိုင်ငံ၌ ထင်ရှားကျော်ကြားသည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာဘာသာပြန်ဆိုပြသခဲ့ရာ ပရိသတ်များ နှစ်ခြိုက်သဘောကျခဲ့ပါကြောင်း။

ထို့အပြင် နာမည်ကျော်တရုတ်စာရေးဆရာကြီး လူ့ရွှန်း (Lu Hsun) သည်လည်း မြန်မာစာဖတ်ပရိသတ်များနှင့် မစိမ်းသည့် စာရေးဆရာတစ်ဦးပင်ဖြစ်ပါကြောင်း၊ လူ့ရွှန်း၏ စာအုပ်များစွာကို ဘာသာပြန်ဆိုခဲ့ခြင်းများ ရှိပါကြောင်း၊ Selected Works of Lu Hsun စာအုပ်ကို စာရေးဆရာကြီး စိုးမြိုင်က “လူ့ရွှန်း၏လက်ရွေးစင်စာပေ”ဟု ဘာသာပြန်ဆိုရေးသားခဲ့ရာ မြန်မာစာဖတ်ပရိသတ်များ နှစ်သက်ကြပြီး စာရေးဆရာကြီး မြသန်းတင့်၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတို ၂၅ ပုဒ် စုစည်းထုတ်ဝေခဲ့ရာတွင် စာရေးဆရာ လူ့ရွှန်း၏ စာပေများပါဝင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များက မြန်မာ–တရုတ် စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှ ကူးလူးဖလှယ်မှုကို ပိုမိုမြှင့်တင်ပြီး တိုးတက်လာစေဖို့ အတူတကွ ဖော်ဆောင်ကြရန် မျှော်လင့်ပါကြောင်း၊ ခေတ်အဆက်ဆက် လက်ချင်းယှက်ပြီး ရင်းနှီးချစ်ကြည်ခဲ့ကြသည့် မြန်မာ–တရုတ်ဆက်ဆံရေး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျားတို့က ပေါက်ဖော်နှလုံးသားထဲမှ စကားသံများ မြန်မာ–တရုတ် နှစ်ဘာသာဖြင့် ထုတ်ဝေရေးသားထားသည့် စာအုပ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် ဓာတ်လမ်း၊ ပုံပြင်များ စုစည်းမှုတွင် ယန်စီ၊ ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသားသူ စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူနှင့် တရုတ်နှင့် မြန်မာဘာသာစကားကျွမ်းကျင်သော စေတနာ့ဝန်ထမ်းအားလုံးကို ရည်ညွှန်းသောစာမူကို ရေးသားသူ Ms. Li Lili တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာ – တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းထားသည့် ကဗျာနှင့် ယူနန်ပြည်နယ် တိုင်းရင်းသားတက္ကသိုလ်မှ ကျောင်းသားကျောင်းသူလေးများနှင့် နားမကြားသော ကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရချစ်ကြည်ရေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ထူးချွန်ဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လည်းကောင်း၊ ယန်စီ၊ ဧရာဝတီ ကမ္ဘာတည်သရွေ့ စာမူရေးသားသူ ပထမဆုရရှိသည့် စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူအား ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

“ပေါက်ဖော်နှလုံးသားထဲက စကားသံ” ဓာတ်လမ်းပုံပြင်များ စုစည်းထားသည့် စာအုပ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅) နှစ်မြောက်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ပြသနိုင်ရန် ၂၀၂၅ ခုနှစ် မတ် ၁၈ ရက်က ဖိတ်ခေါ်ခဲ့ကာ ပြိုင်ပွဲဝင်များ၏ လက်ရာ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများကို စုစည်းထားပြီး ဆုချီးမြှင့်မှုအနေဖြင့် ပထမဆု တစ်ဆု၊ ဒုတိယဆု သုံးဆု၊ တတိယဆု နှစ်ဆုနှင့် အခြားဆုများကို ချီးမြှင့်ခဲ့သည်။

အဆိုပါ စာအုပ်ကို အပြန်အလှန် ဖေးမကူညီခြင်း၊ မမေ့နိုင်ဖွယ် ရွှေရောင်အချိန်ကာလ၊ အတူတကွ ပူးပေါင်းဆောင်ရွက်မှု၊ စာပေယဉ်ကျေးမှုများ၊ အပြန်အလှန်ချိတ်ဆက်မှု၊ ပြည်သူများ စိတ်နှလုံးချင်းဆက်သွယ်မှု ဟူသည့် အခန်း ငါးခန်းခွဲကာ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု၊ မရေမတွက်နိုင်သော ရင်ခုန်ဖွယ်၊ ကြည်နူးဖွယ်ကောင်းသည့် ဓာတ်လမ်းပုံပြင်များ၊ တရုတ်–မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး ထာဝရဆက်ခံမည့် သမိုင်းဝင်ပုံပြင်များ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းအသီးသီးမှ ချစ်ကြည်ရင်းနှီးမှု ဓာတ်လမ်းများကို စုစည်းကာ တရုတ် – မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ *ရွှေ့ဖုံးမှ*

ဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မျိုးမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရိန်စိုးက သဘာဝဘေးကျရောက်ပါက အသုံးပြုမည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများအသုံးပြုပုံကို ရှင်းလင်းပြသ၍ သရုပ်ပြလေ့ကျင့်မှုကို စတင်သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် တနင်္သာရီမြစ်ကူးတံတားအနီး ရေပြင်အတွင်း စက်လှေတစ်စင်း တိမ်းမှောက်နေကြောင်း ပြည်သူတစ်ဦးမှ သတင်းပေးပို့ချက်အရ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရိန်စိုး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ သွားရောက်ကာ ရေနစ်မြုပ်နေသူများအား ရှာဖွေကယ်ဆယ်၍ အသက်ကယ်လှေများပေါ်တွင် ရှေးဦးပြုစုခြင်း အသက်ရှူအားကူနည်းပြုလုပ်ပေးရင်း လှေဆိပ်သို့ သယ်ဆောင်လာကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို တနင်္သာရီမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မျိုးမင်းသူ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သီသီခိုင်(တနင်္သာရီ)**

---

## ပခုက္ကူမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**ပခုက္ကူ ဇွန် ၁၈**

ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား ယနေ့နံနက်က ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး (Pfizer JN 1) စတင်ထိုးနှံပေးလျက်ရှိသည်။




ထိုသို့ထိုးနှံပေးရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ရှိ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး(Pfizer JN 1) ထိုးနှံပေးလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီအထိ ၆၀၀ ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာကင်ချုံအီ အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော်  ဇွန်  ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာကင်ချုံအီ အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စတာကင်ချုံအီသည် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်မှ လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ခေတ်သစ်ဘာသာစကားဆိုင်ရာ အမျိုးသားတက္ကသိုလ်မှ လည်းကောင်း ဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ချုံအီသည် ၁၉၈၇ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနတွင် အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်၊ အနောက်တောင်နှင့် သမုဒ္ဒရာနိုင်ငံများဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယခင်ဌာနတွင်ပင် ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကင်ချုံအီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ရုံးတွင် ဒေသဆိုင်ရာ တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မူဝါဒရေးရာဌာနတွင် အကြီးတန်းအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန - ၂ တွင် အကြီးတန်းအရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာန - ၂ တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော်  ဇွန်  ၁၉**

ကပ္ပတိန်(ရေတပ်အငြိမ်းစား) ဖြစ်သူ ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

**မဟာသိပ္ပံဘွဲ့ရရှိ**

ကပ္ပတိန် (ရေတပ်အငြိမ်းစား) ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင်ကို ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ ဟာ့ဖို့ဒ်ရှိုင်းယားတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Bangladesh University of Professionals မှ စစ်ဘက်ရေးရာလေ့လာမှု မဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။

**စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့**

တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်စဉ် ကပ္ပတိန် ဟာဂျီ မိုဟာမက် ဆာရစ် ပူဒင် ဘင် မက်ဆရူဒင် သည် ၁၉၉၇ ခုနှစ်တွင် အလုပ်သင်အရာရှိလောင်းအဆင့်မှစတင်၍ ၂၀၂၄ ခုနှစ်တွင် တော်ဝင်ဘရူနိုင်းတပ်မတော် (ရေ) ယာယီဗိုလ်မှူးကြီး အဆင့်အထိ အဆင့်ဆင့် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ စစ်သံရုံးတွင် စစ်သံမှူးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မုံရွာ  ဇွန်  ၁၈**

၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၃)နှစ် အောက်အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ရေဦးမြို့နယ်အသင်းနှင့် ကလေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေဦးမြို့နယ်အသင်းက ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသွားသည်။



**တံခွန်စိုက်ဒိုင်းဆုချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့်တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်း ဆုံးဆုရရှိကြသူများ၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ သတ်မှတ်ကျောင်းဆောင်များ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယရက်အဖြစ် သင်္ချာဘာသာရပ်ကို ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာစစ်ဌာန ၂၅ ခုတွင် စာရင်းရှိ ၈၂၀၅ ဦး၊ သင်္ချာဘာသာရပ်ဖြေဆိုသူ စုစုပေါင်း ၈၀၄၀ ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၉၉ ရှိပြီး မုံရွာမြို့နယ်အနေဖြင့် အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း-အလုံတွင် ဖြေဆိုသူ ၂၄၄ ဦးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုသူ ၄၆၇ ဦးရှိသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း - ခွဲ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ဇာတ်တိုက်လေ့ကျင့်**

ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဖြစ်ပွားလာပါက လိုက်နာရန်အချက်များကို ဆွေးနွေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်ပါက ကျောင်းသား ကျောင်းသူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရေး သရုပ်ပြလေ့ကျင့်နေမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်း ဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဇွန်  ၁၈**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

# ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၄)

ကေကေ(မဟာဝိဇ္ဇာ)

**ထေရဝါဒဗုဒ္ဓသာသနာကွယ်လျှင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒသာသနာတော်သုံးရပ်အနက် ပရိယတ္တိသာသနာက ဦးစွာကွယ်မည်၊ ပရိယတ္တိတွင် သုတ်-ဝိနည်း- အဘိဓမ္မာအနက် အဘိဓမ္မာက ဦးစွာကွယ်မည်၊ အဘိဓမ္မာကျမ်း ခုနစ်ကျမ်းတွင် ပဋ္ဌာန်းကျမ်းက ဦးစွာကွယ်မည်ဟု မှတ်သားရသည်။ သာသနာတော်၏ အုတ်မြစ်မှာ ဘုရားဟောတရားတော်များဖြစ်သောကြောင့် သာသနာတော် အစွန့်ရှည်တည်တံ့ရေးအတွက် မထေရ်ကြီးများနှင့် သာသနာပြုမင်းတို့က သင်္ဂါယနာ (၆)ကြိမ်တင်၍ တရားတော်များကို သန့်စင်စေခဲ့သည်။**

■ **မြန်မာနိုင်ငံတွင် ဘုရားဟောတရားတော်နှင့် ဆန့်ကျင်သော တရားဟောကြားမှုတွေ၊ အယူဝါဒရေးသားဖြန့်ချိမှုတွေ မနည်းမနော ရှိနေသည်မှာ အံ့ဖွယ်လိလိဖြစ်ပေ၏။ သာသနာတော်၏ နောင်ရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။ သင်္ဂါယနာတစ်ကြိမ်တင်ဖို့ ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ သင်္ဂါယနာမှတစ်ပါး အခြားနည်းဖြင့် မည်သို့ကာကွယ်နိုင်မည်ကို ရှာဖွေကြရမည်ဖြစ်**

■ **လောလောလတ်လတ် ပူပူနွေးနွေးအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးခဲ့သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၂၀/၂၀၂၅)က အရိယာမဏ္ဍိုင်တောရရိပ်သာကျောင်းတိုက်နေ ဦးသူရိယပါ ၂၇ ဦးတို့၏ ဟောပြောချက်များသည် သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် မညီညွတ်သောကြောင့် အဓမ္မဝါဒဖြစ်သည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို ဟောပြောသူ၊ လက်ခံသူ၊ ပုံနှိပ်ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများ ဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒများကို အသံသွင်းထား၊ ပုံနှိပ်ထား၊ ရေးသားထား၊ အင်တာနက်တင်ထား၊ မှတ်တမ်းတင်ထားသော အရာဝတ္ထုမှန်သမျှသည် အဓမ္မဝတ္ထုဖြစ်ကြသည်ဟု လည်းကောင်း ဆုံးဖြတ်ချက်ချခဲ့လေသည်။ သာဓုခေါ်ပါ၏။**

ဆဋ္ဌမသင်္ဂါယနာကို ၁၉၅၄-၁၉၅၆ ခုနှစ်များတွင် မြန်မာနိုင်ငံ၌တင်ခဲ့ရာ ဘုရားဟောမူရင်းအတိုင်း နုတ်ပယ်၊ ဖြည့်စွက်၊ ပြင်ဆင်မှုမရှိဘဲ တင်ခဲ့သဖြင့် “ဆဋ္ဌမူ”ဟု အမည်တွင်ခဲ့သည်။ ဤဆဋ္ဌမူ တရားတော်များကို နိုင်ငံတစ်ဝန်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဗုဒ္ဓတက္ကသိုလ်များတွင် သင်ကြားပေးသည်။ ထေရဝါဒသံဃာများသည် ဆဋ္ဌမူနှင့်လျော်ညီစွာ ဓုရနှစ်ဖြာကို ကျင့်ကြံအားထုတ်ကြသည်။ ဆဋ္ဌမူ ပိဋကတ်သုံးပုံကျမ်းစာအုပ်များကို သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန စာအုပ်ဆိုင်များတွင်သာမက အနယ်နယ်အရပ်ရပ်ရှိ ဘာသာရေးစာအုပ်ဆိုင်များ၊ ဘုရားစောင်းတန်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူနိုင်ကြသည်။ ပြည်ပသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်များသည် ထေရဝါဒဗုဒ္ဓစာပေနှင့် တရားကျင့်စဉ်ကို မြန်မာနိုင်ငံ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)သို့ လာရောက်လေ့လာဆည်းပူးကြရာတွင် ဆဋ္ဌမူကိုသာ သင်ကြားပေးသည်။ ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာနိုင်ငံများအနက် မြန်မာနိုင်ငံကို စစ်မှန်သော ပရိယတ္တိစာပေထွန်းကားသောနိုင်ငံအဖြစ် အသိအမှတ်ပြုကြလေသည်။

သို့ဖြစ်လျက် မြန်မာနိုင်ငံတွင် ဘုရားဟောတရားတော်နှင့် ဆန့်ကျင်သော တရားဟောကြားမှုတွေ၊ အယူဝါဒရေးသားဖြန့်ချိမှုတွေ မနည်းမနော ရှိနေသည်မှာ အံ့ဖွယ်လိလိဖြစ်ပေ၏။ သာသနာတော်၏ နောင်ရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။ သင်္ဂါယနာတစ်ကြိမ်တင်ဖို့ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ချေ။ သင်္ဂါယနာမှတစ်ပါး အခြားနည်းဖြင့် မည်သို့ကာကွယ်နိုင်မည်ကို ရှာဖွေကြရမည်ဖြစ်သည်။

လက်ရှိတွင် တစ်စည်းတစ်လုံးမဟုတ်သော သီးခြားစီဆောင်ရွက်နေမှုနှစ်ခုကို သတိပြုမိသည်။ ပိတ်ပင်ခြင်းနှင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ ပိတ်ပင်ခြင်းဆိုသည်မှာ ဘုရားဟောနှင့် ဆန့်ကျင်သော စာအုပ်နှင့် တိပ်ခွေများကို ထွက်ထွက်ချင်း စိစစ်၍ မထုတ်ရန် မဖြန့်ရန် တားမြစ်အရေးယူခြင်းဖြစ်သည်။ ဆုံးဖြတ်ခြင်းမှာ ဘုရားဟောနှင့် ဆန့်ကျင်သော အယူဝါဒများ၊ တရားများကို ‘ဓမ္မ-အဓမ္မ’ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ပိတ်ပင်ခြင်းကို သက်ဆိုင်ရာ အစိုးရဌာနက ဆောင်ရွက်၍ ဆုံးဖြတ်ခြင်းကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့က ဆောင်ရွက်တော်မူကြပါသည်။

၁၉၈၀ ပြည့်နှစ် သံဃာ့ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး ပြီးဆုံးပြီးနောက်ပိုင်းတွင် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလမှ ၁၉၈၃ ခုနှစ် မေလအထိ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မအဖြစ် ဆုံးဖြတ်ခဲ့သည့် အဓမ္မဝါဒ ၁၇ ခု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅ ပါး စုံညီအစည်းအဝေးများက ဆုံးဖြတ်ခဲ့သည့် အဓမ္မဝါဒ ၃ ခုရှိခဲ့သည်။ ၎င်းတို့မှာ ကျောက်သဘော်ဝါဒ၊ လူသေလူဖြစ်ဝါဒ၊ ကြောင်ပန်းတောရဝါဒ၊ ကျောက်ပုံတောရဝါဒ၊ ရေတာရှည်ဦးမာလဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မိုးညိုဝါဒ၊ ထွန်တုံးလက်ကျန် ဦးထင်ဝါဒ၊ တွံတေးဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ၊ မော်လမြိုင် ရွှေဝါမြိုင်ကျောင်းနယ်သိမ်း သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ၊ စမ်းကလေးဝါဒ၊ ဘိက္ခုနီဘာဝါဘဝ ဝိနိစ္ဆယဝါဒ၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း ၁၀ ရက်စခန်း အထူးသင်တန်းကျမ်း၌ပါသော အမှားကြီးနှစ်ရပ်ဝါဒ၊ ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရဝါဒ၊ မြစ်ကြီးနားဦးဝိစိတ္တသာရဝါဒ၊ ရှင်ဉာဏ (ခေါ်) ရှင်မိုးပြာဝါဒ၊ ဦးကာရုညသိဒ္ဓိ၏ ၃၁ ဘုံထွက်လမ်း စီဒီခွေပါသော ပြောပြချက်များ၏ ဝါဒ၊ ဉာဏစာဂီဆရာတော်၏ အဓမ္မဝါဒ၊ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံဝါဒနှင့် ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများဝါဒတို့ ဖြစ်ကြ၏။

အထက်ပါ စောဒနာတင်ပြခံရသည့် အယူဝါဒနှင့် တရားများကို ဟောကြားရေးသားကြသူများတွင် လူပုဂ္ဂိုလ်များပင် ပါဝင်နေ၏။ ထိုအယူဝါဒများသည် ထေရဝါဒဗုဒ္ဓဘာသာအတွက် မည်မျှအန္တရာယ်ကြီးမားသည်ကို သိရှိစေရန် အချို့ကို အကျဉ်းမျှ ကောက်နုတ်ဖော်ပြလိုသည်။

**ကျောက်သဘော်ဝါဒ။** ကျောက်သဘော်ဆရာတော် ဦးကေသဝနှင့်နောက်လိုက်ရဟန်း၊ သာမဏေ၊ လူဝတ်ကြောင်များ၏ အယူဝါဒသည် စိတ်-စိတ်အတိုင်းထားဟူသော အယူဝါဒဖြစ်သည်။ စိတ်၊ စိတ်အတိုင်းထားလျှင် လောကုတ္တရာ ကိစ္စအားလုံးပြီးသည်။ နိဗ္ဗာန်မဂ်ဖိုလ်နှင့်တကွ ဘာသာရေးကိစ္စအားလုံးပြီးသည်။ ဤအယူအဆဝါဒသည် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒဖြစ်ကြောင်း စောဒနာလွှာတင်ပြလာမှုအပေါ် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁)က ၂၃-၂-၁၉၈၁ ရက်တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

**လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ။** တောင်တွင်းကြီး ဦးဥက္ကဋ္ဌနှင့်အပေါင်းပါများ၏ ဝါဒဖြစ်သည်။ ဘာသာမဲ့ ရုပ်ဝါဒီဆန်သည်။ လူသေလျှင်လူဖြစ်သည်။ အခြားဖြစ်စရာမရှိ။ ၃၁ ဘုံကို ဘုရားမဟော။ ကုသိုလ်ကံနှင့် ကောင်းကျိုး၊ အကုသိုလ်ကံနှင့် မကောင်းကျိုးမရှိ။ အတိတ်ဘဝ အနာဂတ်ဘဝမရှိ။ အဘိဓမ္မာသည် ဘုရားဟောမဟုတ်။ ဗုဒ္ဓ၏ သဗ္ဗညုတ (အလုံးစုံသိသောဉာဏ်)ဟူသည် ယုံကြည်စရာမရှိစသည်ဖြင့် ဟောကြားရေးသားဖြန့်ဝေနေမှုများသည် အဓမ္မဝါဒဖြစ်ကြောင်း စောဒနာလွှာတင်သွင်းလာသည်။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂)က ဘုရားဟောနှင့် ဆန့်ကျင်သောကြောင့် ၂၉-၁၀-၁၉၈၁ ရက်နေ့တွင် အဓမ္မဝါဒဟု ဆုံးဖြတ်ခဲ့လေသည်။

**ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရဘိဝံသတို့၏ဝါဒ။** မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်ရိပ်သာကျောင်း ဆရာတော် ဦးခေမိန္ဒက ထွက်လေဝင်လေကို တမင်ချုပ်၍ (မရှိအောင်လုပ်၍) အာနာပါနကျင့်ရမည်ဟူ၍လည်းကောင်း၊ လက္ခဏာရေးသုံးပါးကို ရှုမှတ်၍ နိဗ္ဗာန်မရဟုလည်းကောင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မရှုမှတ် မပွားများရဟုလည်းကောင်း၊ ထွက်လေဝင်လေရှုတာ နိဗ္ဗာန်မရဟူ၍လည်းကောင်း၊ ခန္ဓာငါးပါးကို ရှုမှတ်လျှင် တဏှာသမုဒယဖြစ်တယ်ဟုလည်းကောင်း၊ မြစ်ကြီးနားကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းမှ ဦးဝိစိတ္တသာရဘိဝံသက ခန္ဓာငါးပါးသည် ရုပ်နာမ်တရားတို့ကို မရှုမှတ်မှ သမုဒယမဖြစ်မှာ ဟူ၍လည်းကောင်း၊ နိဗ္ဗာန်ကို အရှုခံထားရမည်ဟုလည်းကောင်း၊ ၃၁ ဘုံကို အာရုံပြုလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဖြစ်တယ် ဟူ၍လည်းကောင်း၊ ပရမတ္ထသစ္စာကို ဝိပဿနာရှုလျှင် မဂ်ဖိုလ်မရဟုလည်းကောင်း... စသည်ဖြင့် ဟောပြောရေးသားချက်များသည် ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်နေသောကြောင့် အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ပေးတော်မူပါရန် စောဒနာလွှာတင်ပြလာမှုကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၆)က ၁၇-၂-၂၀၀၉ ရက်နေ့တွင် အဓမ္မဝါဒဟု ဆုံးဖြတ်ခဲ့သည်။

**ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများဝါဒ။** ၎င်းဟောပြော ရေးသားထားသော တရားများသည် ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒဖြစ်ကြောင်း ၁၉၈၀ ပြည့်နှစ်တွင် လက်ပံတန်းမြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို ပထမအကြိမ် နိုင်ငံတော်သံဃနာယကအဖွဲ့ ၄၅ ပါးစုံညီ ကောဒသမအစည်းအဝေးက ၂၅-၅-၁၉၈၃ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

ကောက်နုတ်ချက်အချို့ဖြစ်ပါသည်။ ဖတ်ကြည့်ရုံနှင့် ကြက်သည်းထဖွယ်ကောင်းလှ၏။ သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ဘုရားဟောနှင့် ဆန့်ကျင်နေသည့် အယူဝါဒနှင့် တရားများကို မည်သို့ပင် အရေးယူစေကာမူ လုံးဝပျောက်ကွယ်မသွားဘဲ ယနေ့ကာလတိုင်အောင် ပေါ်ပေါက်လျက်ရှိနေပေသေးသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ရာထူးကြီးကြီး မိတ်ဆွေတစ်ဦးက ဦးမောင်မောင် (ပျဉ်းမနား)ရေး “မီးထဲမှာပွင့်သောကြာ” စာအုပ်ကို ပေးလာသည်။ ဦးမောင်မောင်၏ အယူဝါဒကို လက်ခံသူ အတော်များကြောင်း၊ ပညာတတ်များပင် ပါဝင်ကြောင်း မိတ်ဆွေကပြောပြသဖြင့် ဖတ်ကြည့်လိုက်သည်။ သူ့ဝါဒအကျဉ်းချုပ်မှာ နိဗ္ဗာန်ရောက်ရန် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဆင့်ဆင့်သွားရန်မလိုဘဲ ယခုပစ္စုပ္ပန် ပုထုဇဉ်ဘဝကနေ နိဗ္ဗာန်ကို တိုက်ရိုက်ရောက်အောင် ကျင့်ကြံနိုင်ကြောင်းဖြစ်သည်။ ၎င်းအယူကို လက်ခံသော ပညာတတ်များသည် ဘာသာရေးအသိနိမ့်ကျလှပါတကားဟု မှတ်ချက်ပြုမိသည်။ အန္တရာယ်မသေးပါလားဟုလည်း ပူပန်မိသည်။ မီးထဲမှာပွင့်သောကြာ အပါအဝင် ဘာသာရေးစာအုပ် ခုနစ်အုပ်ကို မဟာနပညာရေးအဖွဲ့ငယ်က စိစစ်တင်ပြခဲ့ရာ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တတိယအစည်းအဝေးက ထုတ်ဝေခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။

လောလောလတ်လတ် ပူပူနွေးနွေးအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးခဲ့သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၂၀/၂၀၂၅)က အရိယာ မဏ္ဍိုင်တောရရိပ်သာကျောင်းတိုက်နေ ဦးသူရိယပါ ၂၇ ဦးတို့၏ ဟောပြောချက်များသည် သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် မညီညွတ်သောကြောင့် အဓမ္မဝါဒဖြစ်သည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို ဟောပြောသူ၊ လက်ခံသူ၊ ပုံနှိပ်ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများ ဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုအဓမ္မဝါဒများကို အသံသွင်းထား၊ ပုံနှိပ်ထား၊ ရေးသားထား၊ အင်တာနက်တင်ထား၊ မှတ်တမ်းတင်ထားသော အရာဝတ္ထုမှန်သမျှသည် အဓမ္မဝတ္ထုဖြစ်ကြသည်ဟု လည်းကောင်း ဆုံးဖြတ်ချက်ချခဲ့လေသည်။ သာဓုခေါ်ပါ၏။

ထေရဝါဒဗုဒ္ဓဘာသာ အရှည်တည်တံ့ရေးအတွက် အဓိကကျသော ပရိယတ္တိသာသနာကို ယခုထက် ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ကာကွယ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၈

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့ (ဟန်မြင့်မိုရ်) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့ (ဘယ်လင်း)အခြေခံပညာအထက်တန်းကျောင်းရှိစာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုနှင့် စာစစ်ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာမေးပွဲကာလအတွင်း စာသင်ရပ်နားထားသည့် ကျောင်းသား ကျောင်းသူများ စာသင်ချိန်ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းသင်ကြားပေးရေး၊စာသင်ဆောင်၊ကျောင်းဆောင်များ အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယနေ့ကျင်းပသည့် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၃၃၇၆၃ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၉၂ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည်ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇကျောင်းဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်၊ ပုဂ္ဂလိကကျောင်း တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများ၊ International School တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခွဲ အလက(၁) ကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

အင်္ဂလိပ်စာဘာသာရပ်

ရက်စွဲ။ ၁၇ - ၆ - ၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၁၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၅ | ၄၉၆၇ | ၈၀၄၂ | ၆၃ | ၁၀၀ | ၁၆၃ | ၉၈.၀၁% | ၁.၉၉% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၈ | ၁၉၃၈၀ | ၃၃၇၆၈ | ၂၇၀ | ၂၀၃ | ၄၇၃ | ၉၈.၆၂% | ၁.၃၈% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| စုစုပေါင်း | | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၇ | ၃၆၆၅၃ | ၆၂၈၀၀ | ၄၅၄ | ၄၁၉ | ၈၇၃ | ၉၈.၆၃% | ၁.၃၇% | |

## အခြေခံပညာဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

သင်္ချာစာဘာသာရပ်

ရက်စွဲ။ ၁၈ - ၆ - ၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၂ | ၈၅၈၃ | ၅၆ | ၅၇ | ၁၁၃ | ၉၈.၇၀% | ၁.၃၀% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၄ | ၁၉၃၇၉ | ၃၃၇၆၃ | ၂၇၄ | ၂၀၄ | ၄၇၈ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| စုစုပေါင်း | | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၁ | ၃၆၆၅၁ | ၆၂၇၉၂ | ၄၆၀ | ၄၂၁ | ၈၈၁ | ၉၈.၆၂% | ၁.၃၈% | |

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade 12 ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို အဓိကထားအလေးပေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား ကျောင်းသူများအား စာမေးပွဲပထမနေ့ကို ဇွန် ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာန အသီးသီး၌ စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။


ယနေ့တွင်လည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများသည် စာမေးပွဲတတိယနေ့တွင် သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိကြသည်။ သင်္ချာဘာသာရပ် ဖြေဆိုမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ဦးရေ ၆၂၇၉၂ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲ ဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။



မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်လည်ကျင်းပသည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုပြီးနောက် ပြန်လည်ထွက်ခွာလာစဉ်။

## မြန်မာ - ဗီယက်နမ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များ အဖွဲ့တို့က Myanmar –Vietnam Consti–tution Business Matching ကို ဇွန် ၂၃ ရက်တွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ – ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များတွေ့ဆုံပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက်က အသင်းချုပ်တွင် ပြုလုပ်ရာ ဗီယက်နမ်သံရုံးအရာရှိ Mr. Nguyen Van Bay နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ပြည်တွင်းပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးသူရိန်အောင်၊ အထွေထွေ အတွင်းရေးမှူးချုပ် ဦးကိုကိုလေးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ ကုန်ပစ္စည်းထုတ်လုပ်တင်သွင်းသူများက ဗီယက်နမ်ကုမ္ပဏီ ၂၂ ခုမှ လုပ်ငန်းအမျိုးအစား ၂၀ ကျော်ပါဝင်သည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ပါဝင်တက်ရောက် လေ့လာဆွေးနွေးလိုသူများသည် ဖုန်း၀၉–၈၉၃၂၁၇၁၀၉နှင့် ၀၉– ၆၆၀၂၈၂၀၀၀ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## လပွတ္တာမြို့နယ်၌ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ

**လပွတ္တာ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသို့ အခြေခံစားသောက်ကုန်များအား ဇွန် ၁၆ ရက်က လပွတ္တာမြို့ နန္ဒဝန်ပျံကျဈေးတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးရာ၌ ခရိုင်နှင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆန်တစ်ပြည် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်၊ ဆီတစ်ပိဿာဘူးအပါ ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ပိဿာ ၁၁၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၃၀ နှုန်းဖြင့် အလုံး ၉၀၀ နှင့် ဝက်သားတစ်ပိဿာ ငွေကျပ် ၂၃၈၀၀ နှုန်းဖြင့် ၁၀ ပိဿာကို ဈေးနှုန်းချိုသာစွာဖြင့် စားသုံးသူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်

**သဲကုန်း ဇွန် ၁၈**

သဲကုန်းမြို့နယ် သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သဲကုန်းမြို့နယ်၌ မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က အ.ထ.က(သဲကုန်း)၌ ကျင်းပသည်။

ဦးစွာ သဲကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းထိုက်က ပြုလုပ်ရသည့်ရည်ရွယ်ချက်နှင့် မိုးကြိုးအန္တရာယ် အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာဇာဝင်းထွန်းက မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ကျောင်းသား ကျောင်းသူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဟောပြောပြီး ဘေးရှစ်မျိုးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးသည်။

ထို့နောက် အ.ထ.က(သဲကုန်း)ကျောင်းကွင်းပြင်၌ ကျောင်းသား ကျောင်းသူများအား မိုးကြိုးဘေးအန္တရာယ်မဖြစ်မီ၊ ဖြစ်ပွားစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်အချက်များကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို



**စစ်ကိုင်း**

မန္တလေးငလျင်ကြီးကြောင့် စာမေးပွဲအဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုလျက်ရှိရာ ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ Grade-12 ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်အား အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိရာ ပြန်လည်ဖြေဆိုကြမည့် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၄၉၅ ဦးအနက် ဖြေဆိုသူ ၁၄၄၉ ဦးရှိသဖြင့် ၉၆ ဒသမ ၉၂ ရာခိုင်နှုန်းဖြေဆိုခဲ့ကြောင်း စစ်ကိုင်းမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၈ ရက်က တတိယနေ့ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၉၃၂ ဦး ဖြေဆိုခဲ့ကြရာ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြီးကြပ်ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 တတိယနေ့ သင်္ချာဘာသာရပ်ကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက သတ်မှတ်စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်၌ ဖွင့်လှစ်ထားသော စာစစ်ဌာနသုံးခုရှိပြီး အထက-၁(မိုးညှင်း) စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၉၃၁ ဦး၊ အထက(ဟိုပင်)စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၃၈၆ ဦးနှင့် အထက(အင်းတော်ကြီး)စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၃၀၀ ဖြေဆိုသူ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၁၇ ဦး၊ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၆၃၉ ဦးရှိ၍ ပျက်ကွက်သူ ၂၂ ဦးရှိပြီး ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၉၈ ဒသမ ၆၆ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ရွှေမိုးညှင်း**

**ကျောက်ပန်းတောင်း**

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇွန် ၁၈ ရက်က သင်္ချာဘာသာကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၈၀ အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ စာစစ်ဌာန လေးခု ဖွင့်လှစ်ထားရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်လက်အေးချမ်းစွာ စာမေးပွဲ ဖြေဆိုနိုင်ကြရန် မြို့နယ်တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**







**နန်းယွန်း**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ပြန်လည်ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို ဇွန် ၁၈ ရက်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

နန်းယွန်းမြို့၌ စာစစ်ဌာနတစ်ခုရှိပြီး အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၉ ဦး၊ ပျက်ကွက်သူ တစ်ဦးသာရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဇွန် ၁၈ ရက် နံနက် ၉ နာရီမှ စတင်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိရာ အထက-၁ (မြင်းခြံ) စာစစ်ဌာနတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ဖြေဆိုသူ ကျောင်းသား ၁၁၉ ဦးနှင့် ကျောင်းသူ ၁၈၁ဦး စုစုပေါင်း ၃၀၀ ဖြေဆိုကာ ဖြေဆိုရန် ပျက်ကွက်သည့် ကျောင်းသူသုံးဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်စွာ(မြင်းခြံ)**



**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသော အာဟာရမုန့်နှင့် အချိုရည်များကို ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသည့် စာစစ်ဌာနသုံးခု၌ ဖြန့်ဝေပေးအပ်သည်။

ပူတာအိုခရိုင်အတွင်းရှိ ပူတာအိုစာစစ်ဌာနအား အထက(ပူတာအို) ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅၀၊ မချမ်းဘော စာစစ်ဌာနအား အထက(လေယာဉ်ကွင်း)ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁ ဦး၊ နောင်မွန်စာစစ်ဌာနအား အထက(ဒုတ္တန်) ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂ ဦး စုစုပေါင်း ၆၄၃ ဦး ပြန်လည်ဖြေဆိုကြသည်။

**ဖုန်ကန်(ပူတာအို)**



**ပြင်ဦးလွင်**

ပြင်ဦးလွင်မြို့နယ်၌ ပြန်လည်ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်၌ စာစစ်ဌာနငါးခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၃၃၄၇ ဦးရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အား ဝင်ရောက်ဖြေဆိုသူ ၃၃၀၇ ဦးနှင့် ပျက်ကွက် ၄၀ ရှိသည်။ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ရာ ပျက်ကွက်ရာခိုင်နှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အဆိုးသံသရာထဲက ယနေ့ကမ္ဘာ

မောင်ကမ္ဘာ

**ယနေ့ ကမ္ဘာ့အခြေအနေကိုကြည့်လျှင် အဆိုးသံသရာထဲမှာပင် တဝဲလည်လည်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအချင်းချင်းကြား နိုင်ငံရေးတင်းမာမှုများ၊ ဒေသတွင်းပြိုင်ဘက်နိုင်ငံများ၏ အားပြိုင်မှုများမှတစ်ဆင့် ဒေသတွင်းစစ်ပွဲများ ဖြစ်ပွားလာသည်။ လူမှုအဓိကရုဏ်းများ၊ သဘာဝဘေးအန္တရာယ်များကပါ မကြာခဏထပ်ဆင့်ဖြစ်ပွားလာ၍ ကမ္ဘာကြီးသည် ပူလောင်ဆူပွက်လျက်ရှိသည်။**

ဟားမတ်စ်စစ်သွေးကြွတို့၏ အကြမ်းဖက်တိုက်ခိုက်မှုမှတစ်ဆင့် လက်တုံ့ပြန် တိုက်ခိုက်ခံရမှုကြောင့် ဂါဇာစီးတီးသည် တစပြင်ပမာ ပျက်စီးသွားခဲ့ရသည်။ အပြစ်မဲ့ပြည်သူ သောင်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။ အမျိုးသမီးနှင့် ကလေးငယ်များ သေဆုံးမှုမှာ အများဆုံးဖြစ်သည်။

အသက်မသေဘဲ ကျန်ရှိသူများမှာလည်း ပိတ်ဆို့ခံထားရမှုကြောင့် စားရေရိက္ခာနှင့် ဆေးဝါးများပြတ်လပ်ကာ ကြီးစွာသောဒုက္ခနှင့် ရင်ဆိုင်ခဲ့ကြရရှာလေသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပေးပို့သော စားရေရိက္ခာများကို အလုအယက် ခွက်ထိုးတောင်းခံနေကြသည့် လူမမည်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ပုံရိပ်များမှာလည်း ယဉ်ကျေးသည့် လူသားကမ္ဘာအတွက် မေးခွန်းထုတ်စရာဖြစ်လာရသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှုဟု မကြာခဏ ကြွေးကြော်လေ့ရှိသော နိုင်ငံကြီးများလည်း မတတ်နိုင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖွဲ့စည်းထားသည်ဟုဆိုသော ကုလသမဂ္ဂလည်း မစွမ်းနိုင်၊ ကမ္ဘာကြီးက လက်မှိုင်ချနေခဲ့ရသည်။ နိုင်ငံတကာအထောက်အပံ့များသည်ပင်လျှင် ခွင့်ပြုချက်ဖြင့် အကန့်အသတ်မျှသာပေးပို့ နိုင်လေသည်။

ယူကရိန်းပဋိပက္ခစစ်ပွဲကလည်း နှစ်ပေါက်ခဲ့ချေပြီ။ စစ်ပွဲရှည်ကြာလေသည်နှင့်အမျှ စစ်ဘောင်က ပို၍ကျယ်ပြန့်လာသည်။ စစ်ပွဲအရှိန်ကလည်းပို၍ ပြင်းထန်လာသည်။ ယူကရိန်း၏ နောက်ကွယ်တွင် နိုင်ငံကြီးများ၏ ပေါ်ပေါ်ထင်ထင် ပါဝင်ပတ်သက်မှုကြောင့် အင်အားကြီးနိုင်ငံများအချင်းချင်း ထိပ်တိုက်တွေ့ပြီး တတိယကမ္ဘာစစ်၊ တစ်နည်း နျူကလီးယားစစ်ပွဲကြီးများ တစ်နေ့ ထတောက်လာလေမလားဟု ကမ္ဘာသူကမ္ဘာသားများက ရင်တမမဖြစ်နေဆဲ။

သည်ကြားထဲ တောင်အာရှနှင့် အရှေ့တောင်အာရှတို့၌ ပေါ်ပေါက်လာသော စစ်ရေးငင်မှု၊ အင်အားပြမှုများကလည်း ဒေသတွင်းနိုင်ငံများနှင့် ပြည်သူများအဖို့ စိတ်မချမ်းမြေ့စရာ ဖြစ်ရသည်။ တင်းမာမှုများ ပြန်လည်လျော့ပါးသွားပြီး စေ့စပ်ညှိနှိုင်းမှုများ အသက်ဝင်လာမှ စိတ်သက်သာရာရခဲ့ကြရသည်။



အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်အတွင်း ခရီးသည်တင်လေယာဉ်ပျက်ကျမှု အပျက်အစီးများနှင့်အတူ မြင်တွေ့ရစဉ်။

သို့သော် ယနေ့ကမ္ဘာသည် အဆိုးသံသရာထဲက ရုန်းမထွက်နိုင်ခဲ့ပါပေ။ ယခုရက်ပိုင်းအတွင်းမှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြင်းထန်သည့် လူဝင်မှုကြီးကြပ်ရေး ဆောင်ရွက်ချက်များကို ကန့်ကွက်သောဆန္ဒပြပွဲများ အမေရိကန်တစ်ဝန်း၌ ပျံ့နှံ့လာသည်။

လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြသူများကို အင်အားသုံးဖြိုခွင်းသည့်ကြားက နယူးယောက်၊ ချီကာဂိုစသည့် အခြားမြို့ကြီးများအထိ ဆန္ဒပြပွဲများ ကူးစက်သွားသည်။ ဆန္ဒပြသူများက ကားများကို မီးရှို့ခြင်း၊ လုံခြုံရေးအဖွဲ့ဝင်များကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများအပြင် ခိုးဆိုးလုယက်သူများကလည်း တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်နှယ် စတိုးဆိုင်ကြီးများ၊ စူပါမားကတ်များ၊ အရောင်းဆိုင်ခန်းများကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်လုယက်ကြပြန်သည်။ သို့နှင့် လော့စ်အိန်ဂျလိစ်မြို့တွင် ကာဖျူးအမိန့်ကို နောက်တစ်ကြိမ် ထုတ်ပြန်ခဲ့ရသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟု မကြာခဏ ကြွေးကြော်လေ့ရှိသော ဒီမိုကရေစီစံပြအင်ပါယာနိုင်ငံကြီးအတွက် နိုင်ငံရေးသံဝေဂယူစရာ ဖြစ်ရလေသည်။

ကမ္ဘာ့နိုင်ငံရေး လေ့လာအကဲခတ်သူအဖို့ ကမ္ဘာ့အရေးအခင်းများက အတောမသတ်နိုင်အောင် လေ့လာ၍ မဆုံးနိုင်အောင်ဖြစ်နေဆဲမှာပင် ဇွန်လ ၁၂ ရက် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာမီဒါဗတ်မြို့မှ လန်ဒန်သို့ စတင်ပျံသန်းထွက်ခွာသည့် အိန္ဒိယလေကြောင်းလိုင်းမှ Boeing 787 လေယာဉ်တစ်စင်း ပျက်ကျခဲ့ပြန်သည်။ လေယာဉ်အမှုထမ်းနှင့် ခရီးသည်စုစုပေါင်း ၂၄၂ ဦး လိုက်ပါလာသည့်အနက် သေကံမရောက် သက်မပျောက်သူ အိန္ဒိယနွယ်ဖွား ဗြိတိန်နိုင်ငံသား ခရီးသည်တစ်ဦးသာ အသက်ရှင်ကျန်ရစ်သည်။

ကံဆိုးမိုးမှောင်ကျမှုများက ဤမျှနှင့် စခန်းမရပ်၊ ကြမ္မာဆိုးကလည်း ထပ်ဝင်လာသည်။ လေယာဉ်က လေဆိပ်အပြင်ဘက် လူနေထိုင်ရာရပ်ကွက်ရှိ ဆေးကျောင်းသားအဆောင်သို့ ပျက်ကျခဲ့သဖြင့် ဆေးကျောင်းသားအချို့ ထပ်မံသေဆုံးခဲ့ရပြန်သည်။ ဆယ်စုနှစ်အတွင်း ကမ္ဘာ့အဆိုးရွားဆုံးလေယာဉ်ပျက်ကျမှုဟုဆိုသည်။ ကရုဏာတရားကြီးမားသူများအဖို့ အိပ်မက်ကိုယ်စီ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကိုယ်စီဖြင့် လေယာဉ်ပေါ်သို့ လိုက်ပါသွားခဲ့ကြရင်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အသက်ဆုံးရှုံးသွားခဲ့ကြရသည့် ခရီးသည်များနှင့် ပူဆွေးသောကကြီးစွာဖြင့် ကျန်ရစ်သူများနှင့် ထပ်တူခံစားကြရသည်။

ကမ္ဘာ့ရှစ်ခွင်တိုင်းလုံးတုန်စေသည့် ကမ္ဘာ့ထိပ်တန်းသတင်းကြီးများက ဤမျှနှင့်မရပ်။ ဇွန်လ ၁၃ ရက် နံနက်တွင် တုန်လှုပ်ဖွယ်ရာ ထပ်မံပေါ်ထွက်လာပြန်ပါသည်။ ဇွန်လ ၁၃ ရက် နံနက်အစောပိုင်းတွင် အစ္စရေးက အီရန်၏မြို့တော် တီဟီရန်ရှိ နျူကလီးယားနှင့် တာဝေးပစ်ဒုံးစီမံကိန်းအခြေစိုက်ရာ နေရာများနှင့် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို လေကြောင်းဖြင့် လက်ဦးမှုရယူစတင်တိုက်ခိုက်ခဲ့ပြန်သည်။ အစ္စရေးတို့က အီရန်၏ ယူရေနီယံသန့်စင်ရေးအစီအစဉ်နှင့် နျူလက်နက်အစီအစဉ်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ တိုက်ခိုက်မှုအတွင်း အီရန်ထိပ်တန်း နျူကလီယားသိပ္ပံပညာရှင်အချို့နှင့် အီရန်စစ်ဘက်ထိပ်တန်းဗိုလ်ချုပ်အချို့လည်း ထိခိုက်သေဆုံးသွားခဲ့သည်ဟု ကမ္ဘာ့သတင်းများကဆိုသည်။

အီရန်ကလည်း ချက်ချင်းလက်တုံ့ပြန်သည့် အနေဖြင့် မွန်းလွဲပိုင်းမှစတင်၍ အစ္စရေးကို ပဲ့ထိန်းဒုံးကျည်များ၊ ဒရုန်းများ ရာနှင့်ချီ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လတ်တလောကာလတွင် အစ္စရေးကာကွယ်ရေးဝန်ကြီးက "အီရန်၏ လက်တုံ့ပြန်တိုက်ခိုက်မှု မရပ်တန့်ပါက မြို့တော်တီဟီရန်ကို မီးလောင်တိုက်သွင်းမည်"ဟု ကြုံးဝါးလျက်ရှိသလို အီရန်ကလည်း "အစ္စရေးအပေါ် ကြီးမားပြင်းထန်သည့် တိုက်ခိုက်မှုများ လာမည့်နာရီပိုင်းအတွင်း ပြုလုပ်တော့မည်"ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားက တစ်ဆင့် ကြေညာခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုးအမြောက်အမြား အသတ်ခံခဲ့ရသည့် ဟိုလိုကော့စ်ဖြစ်ရပ် သမိုင်းသင်ခန်းစာအရ အီရန်တို့လက်ထဲတွင် နျူကလီးယားလက်နက် ရရှိသွားမည့်အပေါ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ စိုးရိမ်သောကနှင့် နျူကလီးယားပါဝါကိုင်စွဲထားမှသာ ရန်ဘက်နိုင်ငံများနှင့် အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးစွက်ဖက်မှုများ၊ ကျူးကျော်တိုက်ခိုက်မှုများကို ကာကွယ်တားဆီးနိုင်ပြီး နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချနိုင်မည်ဟူသော အီရန်တို့၏ အနုမာန မှန်းဆမှုများကြားမှ လတ်တလော စစ်မီးထတောက်လာခဲ့သော အစ္စရေး - အီရန် ပဋိပက္ခကလည်း အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ကိန်း ဆိုက်လာမည့်အပေါ် ကမ္ဘာ့ပြည်သူများကြား ရတက်မအေးစရာ ဖြစ်လာရပြန်သည်။ လတ်တလောမှာပင် အဆိုပါပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးများ မြင့်တက်လာခဲ့ပေပြီ။

*စာမျက်နှာ ၁၁ သို့*

**❊ လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြသူများကို အင်အားသုံးဖြိုခွင်းသည့်ကြားက နယူးယောက်၊ ချီကာဂို စသည့် အခြားမြို့ကြီးများအထိ ဆန္ဒပြပွဲများ ကူးစက်သွားသည်။ ဆန္ဒပြသူများက ကားများကို မီးရှို့ခြင်း၊ လုံခြုံရေးအဖွဲ့ဝင်များကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများအပြင် ခိုးဆိုးလုယက်သူများကလည်း တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်နှယ် စတိုးဆိုင်ကြီးများ၊ စူပါမားကတ်များ၊ အရောင်းဆိုင်ခန်းများကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်လုယက်ကြပြန်သည်။ သို့နှင့် လော့စ်အိန်ဂျလိစ်မြို့တွင် ကာဖျူးအမိန့်ကို နောက်တစ်ကြိမ် ထုတ်ပြန်ခဲ့ရသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟု မကြာခဏ ကြွေးကြော်လေ့ရှိသော ဒီမိုကရေစီစံပြအင်ပါယာနိုင်ငံကြီးအတွက် နိုင်ငံရေးသံဝေဂယူစရာဖြစ်ရ**

**❊ ဒီအကြမ်းဖက်မှုတွေ ပျောက်ကင်းအောင်လုပ်နိုင်တဲ့ နည်းတစ်နည်းကတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာလျှင် ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့လွဲပြီးတော့၊ ကင်းပြီးတော့ အကြမ်းဖက်မှုတွေ ကင်းစင်အောင် လုပ်နိုင်မှာ မဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့တရားကို လိုက်နာကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် အကြမ်းဖက်လိုတဲ့စိတ်ဟာ လုံးဝ ပျောက်ကွယ်သွားပြီး လောကကြီးတစ်ခုလုံးဟာ ငြိမ်းချမ်းသာယာမှုကို ရရှိမှာဖြစ်**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်ဦးခရိုင်အတွင်း စာစစ်ဌာနများ၌ ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**ညောင်ဦး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့ရှိ အခြေခံပညာထက်တန်းကျောင်း(ပင်မ)နှင့် အခြေခံပညာအထက်တန်းကျောင်း (တိုးချဲ့) စာစစ်ဌာနများ၊ ညောင်ဦးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (တောင်ဇင်း)၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)နှင့် အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)စာစစ်ဌာနများ၌ ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ(Grade–12)ကို ပြန်လည်ကျင်းပစစ်ဆေးခြင်းကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း သတ်မှတ်စာစစ်ဌာန ၁၀၁ ခုတွင် ယနေ့ သင်္ချာဘာသာရပ်၌ စုစုပေါင်း ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၃ ဦးရှိသဖြင့် ဖြေဆိုသည့်ရာခိုင်နှုန်း ၉၈ ဒသမ ၆၀ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။

**ခရိုင် (ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရေပြင်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**လှိုင်ကော် ဇွန် ၁၈**

ကယားပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရေပြင်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်တွင် လှိုင်ကော်မြို့ ဒေါဥခူ ရပ်ကွက် နောင်ယားကန်၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်လှေမောင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅)သို့ တက်ရောက်ထားသော မီးသတ်တပ်ဖွဲ့ဝင်များက စက်လှေမောင်း စွမ်းရည်ပြသခြင်း၊ Life Buoy အဝေးထိန်းခလုတ်ဖြင့် လက်တွေ့မောင်းနှင်ခြင်း၊ Life Buoy စီးနင်းမောင်းနှင်ခြင်း၊ ရေကြီးမှုများကြောင့် သွားလာမရသော တစ်ဖက်ကမ်းမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်း၊ ပြည်သူများအား အသက်ကယ်လှေ၊ အသက်ကယ်ဘောကွင်း၊ Life Buoy အသုံးပြု၍ ကယ်ဆယ်ခြင်းစသည့် လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရေပြင်ကယ်ဆယ်ရေး လက်တွေ့ သရုပ်ပြသခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ခရိုင်မီးသတ်ဦးစီးမှူးက လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ကိုယ်စားလှယ်များက လည်းကောင်း လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ပြည်နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ဗုဒ္ဓဘာသာထွန်းကားပြီး ဘုရားစေတီပုထိုးများစွာ တည်ထားကိုးကွယ်မှုကြောင့် Golden Landဟု ကမ္ဘာပေါ်တွင် ကျော်ကြားခဲ့သော မြန်မာနိုင်ငံသည်လည်း ၂၀၂၁ မြန်မာ့နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ အကြမ်းဖက်မှုများမှာ မြန်မာ့သမိုင်းတွင် မကြုံစဖူး ဖြစ်ပေါ်လာခဲ့သည်။ အကြမ်းဖက်သမားတို့၏ ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်မှုများ၊ ဗုံးကွဲပျက်စီးမှုများကြောင့် အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခဲ့ကြရလေသည်။ မြေပူရာ ကင်းမှောင့်ဆိုသလိုပင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

ယခုဆယ်စုနှစ်အတွင်း ကမ္ဘာကြီးသည် အဆိုးသံသရာဝဲဩဃထဲမှာပင် တဝဲလည်လည် ဖြစ်နေသည်။ ကောင်းသတင်းထက် ဆိုးသတင်းများသာ မြင်တွေ့ကြားသိနေရသည်။ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်သစ်ကို ကမ္ဘာသူ ကမ္ဘာသားများ မျှော်လင့်တောင့်တကြသည်။ လူ့ဘဝရခိုက် ငြိမ်းချမ်းပျော်ရွှင်စွာ လူ့သက်တမ်းစေ့ အသက်ရှင်နေထိုင်လိုကြသည်။ ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာသစ်ကို မည်သို့တည်ဆောက်ကြမည်နည်း။

ကြားနာမှတ်သားခဲ့ဖူးသော တရားတော်တစ်ပုဒ်ကို ဖျတ်ခနဲ သတိရမိသည်။ ၂၀၁၄ ခုနှစ် ကုန်ဆုံး၍ ၂၀၁၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယတွင် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားခဲ့ဖူးသည့် **“အကြမ်းဖက်မှုမရှိသော မေတ္တာကမ္ဘာ”**တရားတော်။

**“အကြမ်းဖက်မှုတွေ အလွန်များပြားတဲ့ ယနေ့ကမ္ဘာမှာ နိုင်ငံတကာသတင်းတွေ ဖတ်ကြည့်လိုက်မယ်ဆိုရင် လူသားအချင်းချင်း မုန်းတီးမှုကို အကြောင်းပြုပြီးတော့ အကြမ်းဖက်နေကြတာတွေ၊ အားလုံးသိကြတဲ့အတိုင်းပဲ ကမ္ဘာကြီးတစ်ခုလုံးဟာ ဒုစရိုက်တွေလွှမ်းခြုံပြီးတော့ ပူလောင်နေတဲ့ အနေအထားမျိုးကို ရောက်ရှိနေတယ်။**

**“တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကြမ်းဖက်တာ၊ ဒေသတစ်ခုနဲ့တစ်ခု အကြမ်းဖက်တာ။ မျိုးစုံနေအောင် အကြမ်းဖက်တာတွေဟာ မကြားချင်အဆုံး၊ အကြမ်းဖက်မှုတွေ မြောက်မြားစွာ တွေ့ရှိနေရပြီ ဖြစ်တယ်ပေါ့။ လောကမှာ သံဝေဂယူစရာ အလွန်ကောင်းတယ်”**ဟု ဆရာတော်ကြီး ယနေ့ ကမ္ဘာ့အခြေအနေကို သုံးသပ်ဟောကြားတော်မူခဲ့သည်။

တစ်ဆက်တည်းမှာပင် အကြမ်းဖက်မှုမရှိသော မေတ္တာကမ္ဘာ ဖန်တီးတည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ **“ဒီအကြမ်းဖက်မှုတွေ ပျောက်ကင်းအောင်လုပ်နိုင်တဲ့ နည်းတစ်နည်းကတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာလျှင်ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့လွဲပြီးတော့၊ ကင်းပြီးတော့ အကြမ်းဖက်မှုတွေ ကင်းစင်အောင် လုပ်နိုင်မှာမဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့ တရားကို လိုက်နာကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် အကြမ်းဖက်လိုတဲ့စိတ်ဟာ လုံးဝပျောက်ကွယ်သွားပြီး လောကကြီးတစ်ခုလုံးဟာ ငြိမ်းချမ်းသာယာမှုကို ရရှိမှာဖြစ်တယ်”**ဟု လမ်းပြတော်မူခဲ့သည်။

ဆက်လက်၍ မည်သူအကြမ်းဖက်ဖက် မိမိအနေဖြင့် အကြမ်းဖက်မှုကင်းသည့် မေတ္တာကမ္ဘာ၊ မေတ္တာနှလုံးသားကို တည်ဆောက်ထားမည်ဆိုလျှင် ငြိမ်းချမ်းသည့် အနေအထားတစ်ခုကို ရရှိကြမှာဖြစ်သည်ဟု ညွှန်ပြတော်မူသည်။

**“လောကလူသားတွေဟာ အောင်နိုင်မှုမရတဲ့ အခါမှာ တုံ့ပြန်မှုတွေအမျိုးမျိုးနဲ့ တုံ့ပြန်ချင်ကြတယ်။ တုတ်ကိုတုတ်ချင်း၊ လက်နက်ကို လက်နက်ချင်း၊ ဒေါသကိုဒေါသချင်း၊ မာနကိုမာနချင်း ယှဉ်ပြိုင်ရမယ်လို့ မြတ်စွာဘုရား ဘယ်သောအခါမှ မဟောကြားခဲ့ဘူး။**

**“ဒေါသကို မေတ္တာဖြင့်သာ တုံ့ပြန်ရမယ်လို့၊ မကောင်းတဲ့လူကို ကောင်းတဲ့နည်းနဲ့ တုံ့ပြန်ရမယ်လို့ ဒီလိုမြတ်စွာဘုရားရဲ့ အဆုံးအမ၊ အလွန်အေးချမ်းမှုကိုပေးတဲ့ မေတ္တာကမ္ဘာတည်ဆောက်ဖို့ရာအတွက် အကောင်းဆုံး အဆုံးအမတစ်ခုဖြစ်တယ်။ အဲဒီ အဆုံးအမကို လိုက်နာကျင့်သုံးနိုင်ကြမယ်ဆိုရင် မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာ၊ မိမိတို့နေရာဌာနလေးဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာကမ္ဘာလေး တစ်ခုဖြစ်လာမှာ သေချာပေါက်ပဲ”**ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

အကြမ်းဖက်မှုကင်းသည့် မေတ္တာကမ္ဘာ တည်ဆောက်နိုင်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်း **“မေတ္တသုတ်တရားတော်မှာ ဟောထားတဲ့ အတိုင်းပဲ။ မြတ်စွာဘုရားက သက္ကော၊ လုပ်နိုင်တဲ့ သတ္တိရှိဖို့လိုတယ်၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ ဥဇူစ သုဟုဇူစ – ကိုယ်အမူအရာ နှုတ်အမူအရာ ရိုးသားတယ်၊ စိတ်ထဲကပါ ရိုးသားတယ်၊ အဲဒီလို ရိုးသားဖြောင့်မတ်ပွင့်လင်းမှသာလျှင် မေတ္တာစိတ်ဆိုတာ ကိန်းဝပ်လာနိုင်တယ်။ ဟန်ဆောင်မှုတွေနဲ့ တစ်ဖက်သားကို တုံ့ပြန်လို့မရဘူး။ ရိုးသားပွင့်လင်းစွာ တုံ့ပြန်ရမှာဖြစ်တယ်။**

**“သုဝစော – တစ်ဖက်သားက အကြံဉာဏ်ပေးလာတဲ့ ကောင်းတဲ့စကားဆိုရင် နားထောင်လွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ ပြောလို့ဆိုလို့လွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ ခေါင်းမာတဲ့ပုဂ္ဂိုလ်တွေ မဖြစ်ရဘူး။ မုဒု– မာန်မာနခက်ထန်မှုမရှိဘဲ စိတ်ဓာတ်အခြေအနေဟာ မာနလွတ်ကင်းပြီးတော့ ပျော့ပျောင်းတဲ့အနေအထားမျိုးရှိရမယ်။ မှန်တာဆိုရင် လက်ခံနိုင်ရမယ်။ အနတိမာနိ – လွန်ကဲတဲ့ မာန်မာနတွေ မရှိရဘူး။**

**“န ပရော ပရံ နိကုဗ္ဗေထ ဆိုတဲ့အတိုင်း လူသားအချင်းချင်းဟာ တစ်ဦးနဲ့တစ်ဦး လိမ်ညာတာ၊ လှည့်ပတ်တာမလုပ်ပါစေနဲ့။ နည မညဿ ဒုက္ခံ မိစ္ဆေယျ – အချင်းချင်းဒုက္ခကို လိုလားတဲ့စိတ်တွေ မရှိကြပါစေနဲ့။ တစ်ဦးဒုက္ခရောက်တာကို တစ်ဦးက မလိုလားပါစေနဲ့ဆိုတဲ့ ဒီစိတ်ဓာတ်တွေ မွေးမြူပြီးတော့ ဘယ်သူ့ကိုမှ ဒုက္ခပေးလိုတဲ့စိတ် မရှိအောင် မိမိကိုယ်တိုင်ကစတင်ပြီးတော့ ကျင့်သုံးရမှာ ဖြစ်တယ်။**

**“မိမိကိုယ်တိုင်တည်ဆောက်ပြီးတဲ့အခါ မိမိရဲ့ ပတ်ဝန်းကျင်မှာ တည်ဆောက်ရမယ်။ မိမိပတ်ဝန်းကျင်ကနေ တဖြည်းဖြည်းတိုးချဲ့သွားပြီး မေတ္တာကမ္ဘာကြီးတစ်ခုကို ဖန်တီးတည်ဆောက်သွားနိုင်မယ်ဆိုရင် အောင်မြင်မှုကိုရမှာပါ”** စသည်ဖြင့် ဆရာတော်ကြီးက ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ မေတ္တသုတ်တရားတော်သည် မြတ်ဗုဒ္ဓကို ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသည့် ဗုဒ္ဓဘာသာဝင်များအတွက်သာမဟုတ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလိုလားသည့် ငြိမ်းချမ်းစွာနေထိုင်လိုကြသည့် ကမ္ဘာသူ ကမ္ဘာသား၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အတွက် လိုက်နာအပ်သည့် ကျင့်စဉ်တစ်ခုဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက်မူ အထူးဆိုဖွယ်ရာပင်မရှိချေ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများအနေဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ လိုက်နာကျင့်ကြံပွားများခြင်းဖြင့် ငြိမ်းချမ်းသာယာသော မြန်မာ့လူ့ဘောင်ကို ကိုယ်စီကိုယ်င ဖန်တီးတည်ဆောက်ကြရပေမည်။ ထို့အတူ ကမ္ဘာ့ခေါင်းဆောင်များနှင့် ကမ္ဘာ့ပြည်သူများအနေဖြင့်လည်း လူသားအချင်းချင်း တစ်ဦးဒုက္ခရောက်သည်ကို တစ်ဦးက လိုလားစိတ်မထားဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ချစ်ကြည်ရင်းနှီးစွာ မေတ္တာပေါင်းကူးတုံ့ပြန်ခြင်းဖြင့် မေတ္တာကမ္ဘာကြီးတစ်ခုကို တည်ဆောက်ကြရပေမည်။ အဆိုးတရားများကို အဆိုးတရားဖြင့်သာ တုံ့ပြန်နေပါက ရန်လိုမုန်းတီးစိတ်များ ပိုမိုတိုးပွားကာ ယနေ့ကမ္ဘာသည် အဆိုးသံသရာထဲက ရုန်းမထွက်နိုင်ဘဲ အဆိုးသံသရာထဲတွင်သာ တဝဲလည်လည် လည်လျက်ရှိမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၈

**မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**



**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ နဝလောဟာကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာ သီလရှင်စာသင်တိုက်နှင့် နဝလောဟာကျောင်းတိုက်များ၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ် ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများအား အချို့ရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ ရွှေဟင်္သာ တိုက်သစ်ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁ဂဂ အား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများနှင့် အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် "A" အဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ဖယ်ရှားရှင်းလင်းရာမှ တွေ့ရှိသော ပစ္စည်းများကို ပစ္စည်းလက်ခံရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျ အပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုအခြေအနေများအားလည်းကောင်း၊ သက်ဆိုင်ရာ ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နှင့် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိ အပျက်အစီးများကို တပ်မတော်သားစစ်သည်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့်ပတ်သက်၍ ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၈**

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ရေးသားပြုစုရေးအတွက်ပျူခေတ်ဆိုင်ရာအထောက်အထား အချက်အလက်များ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် လေ့လာသူ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သော နှစ် (၅ဂ) ကျော်က ရေးသားထားသည့် **"အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း"** သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ်ပြည့်စုံလာပြီဟုယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့် ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပျူအက္ခရာ၊ ပျူစာပေ၊ ပျူအသံထွက်၊ ပျူအနုပညာ၊ ပျူဂီတ၊ ပျူအကနှင့် ဝတ်စားဆင်ယင်မှု အထောက်အထားများနှင့် ပတ်သက်၍ ပညာရှင်များ ပါဝင်ဆွေးနွေးရန် ဖိတ်ခေါ်သည်။

ထို့နောက် တက်ရောက်လာသူများကသရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ဟိန္ဒူဘာသာ အထောက်အထားများ၊ ပျူဂီတ၊ ပျူသီချင်း၊ အကဝိသေသလက္ခဏာများ၊ အနုသုခုမဆိုင်ရာ သုတေသန တွေ့ရှိချက်များနှင့် ပျူခေတ်ဂီတအနုပညာဆိုင်ရာ အထောက်အထားများ၊ ပျူခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သုတေသနပြုတွေ့ရှိချက်များ၊ ပျူအက္ခရာ၊ ပျူအသံထွက်၊ ပျူစာပေဆိုင်ရာ သုတေသနပြု တွေ့ရှိချက်များ၊ ပျူခေတ်ရေအသုံးချမှု၊ ရေစီမံခန့်ခွဲမှု၊ မြို့ရိုးမြို့တာ ကာကွယ်ရေးစနစ်များ သုတေသနပြုတွေ့ရှိချက်များ၊ သံခေတ်နှင့် ပျူခေတ် DNA သုတေသန ဆောင်ရွက်နေမှုနှင့် ကာဗွန်သက်တမ်းသုတေသနဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း အယ်ဒီတာထံ ပေးစာ

## ပညာရေးလောက လုံခြုံအေးချမ်းရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးစေလို

လတ်တလော ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ပညာရေးလောကအပေါ် ခြိမ်းခြောက်နှောင့်ယှက်မှုတွေနဲ့ ပညာရေးဝန်ထမ်း ကျောင်းဆရာ၊ ဆရာမတွေကို ဖမ်းဆီးသတ်ဖြတ်မှုတွေ ပိုမိုများပြားလာတာ၊ ပညာရေးလောကကို အဓိကပစ်မှတ်ထားပြီး အကြမ်းဖက်မှုတွေ မြင့်တက်လာတာနဲ့ပတ်သက်လို့ စာတည်းထံပေးစာကဏ္ဍကနေ တစ်ဆင့် တင်ပြလိုပါတယ်ရှင့်။

ပညာသင်ယူခွင့်ဆိုတာ လူတိုင်းရရှိရမယ့် အခြေခံလူ့အခွင့်အရေး တစ်ရပ် ဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆၊ စာပိုဒ်ခွဲ(၁)မှာ **"လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများ သင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်း အပေါ်အခြေခံ ၍ အားလုံးတန်းတူရည်တူ ရရှိစေရမည်"**လို့ ပြဋ္ဌာန်းထားပါတယ်။

ပညာသင်ကြားခြင်းနဲ့ သင်ယူခြင်းဆိုတာ လူသားတစ်ဦးအဖြစ် ကိုယ်ရည်ကိုယ်သွေးအပြည့်အဝဖွံ့ဖြိုးစေဖို့၊ လူတစ်ဦးချင်းစီနဲ့ လူ့ဘောင်လောကတစ်ခုလုံး ငြိမ်းချမ်းရေးနဲ့ သာယာဝပြောစေဖို့ အတွက် မဖြစ်မနေဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် မည်သည့်အစိုးရတက်တက်၊ မည်သည့်မူဝါဒကိုချမှတ်သည်ဖြစ်စေ ပညာသင်ကြားပေးခြင်းနဲ့ သင်ယူခြင်းတွေကို အနှောင့်အယှက် ကင်းကင်းနဲ့ ရှင်သန်ဖွံ့ဖြိုးစေဖို့ အားပေးကြရဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီးနောက် နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားခဲ့တဲ့အချိန်ကနေစလို့ ပညာရေးလောက ကို တိုက်ရိုက်ခြိမ်းခြောက်တာတွေ ပေါ်ပေါက်ခဲ့တာပါ။ ယနေ့အချိန် အထိ ကျောင်းဆရာ ဆရာမတွေကို ရန်သူတွေသဖွယ် အကြမ်းဖက် သတ်ဖြတ်မှုတွေကို လုပ်ဆောင်နေကြဆဲ ဖြစ်ပါတယ်။

လက်နက်ကိုင်ဆောင်ထားတာလည်းမရှိ၊ နိုင်ငံရေးနဲ့လည်း တိုက်ရိုက်မသက်ဆိုင်၊ စစ်ရေးပစ်မှတ်လည်းမဟုတ်တဲ့အပြင် အခြေခံ လူ့အခွင့်အရေးဖြစ်တဲ့ လူတိုင်းပညာသင်ယူခွင့်ကို ဖြည့်ဆည်းပေး နေတဲ့ ကျောင်းဆရာ ဆရာမတွေဟာ လုပ်ကြံသတ်ဖြတ်မှုတွေရဲ့ သားကောင်တွေ ဖြစ်နေရပါတယ်။ ၂၀၂၁ ခုနှစ်ကနေစလို့ ယနေ့အချိန် အထိ ဆရာ ဆရာမ ၈၀ ကျော်ဟာ အကြမ်းဖက်သတ်ဖြတ်မှုတွေကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း မကွေးတိုင်းဒေသ ကြီး နတ်မောက်မြို့နယ်နဲ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တွေမှာ ဆရာမကြီးတွေ သတ်ဖြတ်ခံရတာ၊ ကျောင်းသား ကျောင်းသူ တွေ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေကြတဲ့အပေါ် ပြင်းပြင်း ထန်ထန် ခြိမ်းခြောက်နှောင့်ယှက်နေတာ၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှာ ကျောင်းဆရာမတွေနဲ့ ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူတွေကိုပါ ရန်ရှာဖမ်းဆီးတာ၊ ကျောင်းတွေ ဖွင့်လှစ်ပြီး ပညာသင်ကြားနေတာကို ခြိမ်းခြောက်နှောင့်ယှက်တာ တွေဟာ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးလောကနဲ့ ပညာသင်ယူသင်ကြားမှုရပ်ဝန်း ကြီးတစ်ခုလုံး အေးချမ်းသာယာရေးအပေါ် နိုင်ငံတော်က ဆောင်ရွက် ပေးနေတာနဲ့အတူ ပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းစောင့်ရှောက် ပေးကြပါ။ ဆရာ ဆရာမတွေ လုံခြုံစိတ်ချစွာနဲ့ ပညာသင်ကြားပေးနိုင်ဖို့၊ ကျောင်းသား ကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ ပညာ သင်ယူခွင့်ရရှိစေဖို့၊ စာသင်ကျောင်းတွေနဲ့ ကျောင်းပရိဝုဏ်တွေ ထိခိုက်ပျက်စီးမှုတွေကနေ ကင်းဝေးစေဖို့နဲ့ ပညာရေးလောကကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ကြိုးစားနေကြတဲ့ အကြမ်းဖက် လူသတ်သမားများရန်ကနေ ရှောင်ရှားနိုင်ဖို့အတွက် အကြမ်းဖက် သမားများကို ပြတ်ပြတ်သားသားနှိမ်နင်းပြီး ပူးပေါင်းဖော်ထုတ် ကာကွယ်ပေးကြဖို့ နိုင်ငံတော်နဲ့ ပြည်သူအားလုံးကို ပညာရေးဝန်ထမ်း ဆရာ ဆရာမများအားလုံးကိုယ်စား ပညာရေးဝန်ထမ်းတစ်ဦးအနေနဲ့ ပေးစာကဏ္ဍကနေ တင်ပြတောင်းဆိုအပ်ပါတယ်ရှင့်။

**ပညာရေးဝန်ထမ်းတစ်ဦး**



## ပြင်ဦးလွင်မြို့ရှိ အေးမြချမ်းသာ သီလရှင်စာသင်တိုက်သို့ အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**ပြင်ဦးလွင် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ ဦးဆောင်၍ ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် ဇွန် ၁၇ ရက်က အေးမြချမ်းသာ သီလရှင်စာသင်တိုက်ရှိ သီလရှင် ဆရာကြီး ဆရာလေး အပါး ၁၀၀ အတွက် သီလရှင်ဝတ်စုံ၊ ဆန်၊ ဆီ၊ သွားတိုက်တံ၊ ကာဘော်လစ် ဆပ်ပြာတောင့်၊ ဖူဂျီဆပ်ပြာဆီတို့အားလည်းကောင်း၊ သီလရှင်ဆရာလေးများအပါအဝင် သူငယ်တန်းမှ ပထမတန်းအထိ ကျောင်းသား ကျောင်းသူများအား ကျောပိုးအိတ်များကိုလည်းကောင်း၊ ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ကော့သောင်းမြို့၌ စက်ချုပ်သင်တန်းဖွင့်

**ကော့သောင်း ဇွန် ၁၈**

ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးထက်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီထံ လုပ်ငန်း တာဝန်များပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား နည်းပြဆရာမများဖြင့် နှစ်လတာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ငူမြို့နယ် ချောင်းဖြူကျေးရွာ၌ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်



**တောင်ငူ ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ချောင်းဖြူကျေးရွာ၌ ခရိုင်စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အခြေခံစက်ချုပ်နည်းသင်တန်းကို ဇွန် ၁၀ ရက်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး ဇူလိုင် ၉ ရက် အထိ ဖွင့်လှစ်မည်ဖြစ်သည့်အပြင် မွမ်းမံသင်တန်းကိုလည်း ဇူလိုင် ၁၆ ရက်မှ ၃၀ ရက်အထိ ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်သည်။

သင်တန်းကို အမျိုးသမီး ၁၅ ဦး တက်ရောက်လျက်ရှိ၍ ထူးချွန်သည့် အမျိုးသမီး ငါးဦးအား သင်တန်းသူများအနက်မှ ရွေးချယ်ကာ လုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်ရန်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

တက်လှမ်းလာသည့် ဆန်းဒါးလန်းအသင်းက အဖွင့်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ချန်ပီယံရှစ်အမှတ်ပေးဖလား ဆွတ်ခူးနိုင်ခဲ့သည့် လိဗ်ဒစ်အသင်းက အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့အပြင် တန်းတက် ဘန်လေအသင်းက ယူရိုပါလိဂ် ချန်ပီယံ စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းက ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အခြားပွဲစဉ်များတွင် အက်စ်တွန်ဗီလာက နယူးကာဆယ်၊ ဘရိုက်တန်က ဖူလ်ဟမ်၊ နော်တင်ဟမ်က ဘရန့်ဖို့ဒ်၊ ချယ်ဆီးက ခရစ္စတယ်ပဲလေ့စ်အသင်းတို့နှင့် ထိပ်တိုက်တွေ့ဆုံနေသည်။

မန်ယူအသင်းနည်းပြ အမ်မိုရင်သည် ၂၀၂၅-၂၀၂၆ ရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ငါးပွဲတွင် အသင်းကြီးများဖြစ်သည့် အာဆင်နယ်၊ မန်စီးတီးနှင့် ချယ်ဆီးအသင်းတို့နှင့် ထိပ်တိုက်တွေ့ဆုံနေသည့်အတွက် ရာသီအစတွင်ပင် ဖိအားများနှင့် ရင်ဆိုင်သွားရမည် ဖြစ်သည်။

၂၀၂၅-၂၀၂၆ ရာသီ ပရီမီယာလိဂ်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မေ ၂၄ ရက်တွင် အဆုံးသတ်မည်ဖြစ်သည်။

**အောင်ဇော်**

○ *ကျောဖုံးမှ*

၈၈ မိနစ်တွင် ခွန်းချိုထူးတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် ရဲထက်အောင်က သွင်းယူခဲ့သည်။ ကိုးပွဲစီကစားအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ် ရရှိထားသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှစ်မိနစ်တွင် ရဲလင်းဦးက မဟာယူနိုက်တက်အတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၂၂ မိနစ်တွင် စောအောင်မျိုးဦးနှင့် ၃၂ မိနစ်တွင် မာတီးနိုတို့က သွင်းယူခဲ့သည်။ ကိုးပွဲစီကစားအပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၉) တတိယနေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် Falcon အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သော်လေး၊ ဓာတ်ပုံ-MNL**

❑ *ကျောဖုံးမှ*

ထက်မြက်(Holy Power)နှင့်ဘုန်းမြတ်သာ(Titaniur)၊ချစ်ရအောင် (Ray )နှင့် သက်မောင်(အင်းစိန်)၊နော်ဆန်း(သုံးခွ)နှင့် ကျားမာန်ဟိန်း (Smar Fight)ရဲမိုက်တီး(M,k,l)နှင့် ထက်ရန်နိုင်(ဟံသာဝတီ)တို့က သုံးချီယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ကစ်ဘောက်ဆင် အမျိုးသမီးလူရွေးပွဲတွင် မေသဥ္စာဦး(အဖွဲ့ချုပ်)နှင့် ငြိမ်းချမ်းရေးဆုလာဘ်၊ ခင်မိုးအေး (အဖွဲ့ချုပ်)နှင့် သက်သက်နိုင်(ဘားအံ)တို့ ယှဉ်ပြိုင်ပွဲကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်စိုး**

**(မြန်မာ့အလင်း)**

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီလေကြောင်းခရီးစဉ်များ ဖျက်သိမ်း



ဂျကာတာ ဇွန် ၁၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသောကြောင့် ဘာလီအပန်းဖြေကျွန်းသို့ အဝင်/အထွက် လေယာဉ်ခရီးစဉ် နှစ်ဒါဇင်ကျော် ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။ ဒေသအာဏာပိုင်များသည် သတိပေးအဆင့်ကို အမြင့်ဆုံးအထိ တိုးမြှင့်ပြီး မြစ်များအတွင်း မီးတောင်ရွှံ့နွံစီးဆင်းမှုအန္တရာယ်ကို သတိပေးထားသည်။

အင်ဒိုနီးရှားနိုင်ငံ မီးတောင်လေ့လာစောင့်ကြည့်ရေးအေဂျင်စီက ဖလောရက်စ်ကျွန်းပေါ်ရှိ လီဝါတိုဘီ လာကီ-လာကီမီးတောင်သည် ဇွန် ၁၇ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် ပြာပွများ ၁၀ ကီလိုမီတာအမြင့်အထိ ပန်းထုတ်ခဲ့ကြောင်း ပြောသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာနှစ်ရွာမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်ပြီး အစီရင်ခံဖော်ပြခြင်းမရှိသော်လည်း လမ်းများပေါ်တွင် ပြာနှင့် ကျောက်စရစ်ခဲအများအပြား ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

ဘာလီအပန်းဖြေကျွန်းသို့ ပြည်တွင်း ပြည်ပ လေယာဉ်ခရီးစဉ် အဝင်/ အထွက် ၃၀ ကျော်ကို ဇွန် ၁၈ ရက်တွင် ဖျက်သိမ်းလိုက်ရကြောင်း လေဆိပ်အော်ပရေတာ၏ ထုတ်ပြန်ချက်အရ သိရသည်။

လေယာဉ်ခရီးစဉ် ဖျက်သိမ်းမှုကြောင့် စင်ကာပူ၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ အများဆုံး သက်ရောက်မှုရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံ၌ အပူလှိုင်း ဆက်လက်ဖြစ်ပေါ်

တိုကျို ဇွန် ၁၈

ဂျပန်နိုင်ငံ ဒေသအနှံ့အပြား၌ ဇွန် ၁၈ ရက်တွင် အပူချိန် ဆက်လက်မြင့်တက်နေခဲ့သည်။ ဒေသအများအပြားတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ယင်းထက် အပူချိန်မြင့်မားလျက်ရှိသည်။

နေ့အပူချိန်များမှာ ဂီဖူခရိုင် တီဂျီမိမြို့တွင် ၃၇ ဒသမ ၆ ဒီဂရီ၊ အိုက်ချီခရိုင် တိုယိုတာတွင် ၃၇ ဒသမ ၅ ဒီဂရီနှင့် နာဂိုယာတွင် ၃၆ ဒသမ ၈ ဒီဂရီ အသီးသီးရှိခဲ့သည်။ ကျိုတိုတွင် အမြင့်ဆုံးအပူချိန်မှာ ၃၆ ဒသမ ၅ ဒီဂရီနှင့် ကိုဖူတွင် ၃၆ ဒသမ ၂ ဒီဂရီရှိသည်။ တိုကျိုအလယ်ပိုင်းတွင် အမြင့်ဆုံးအပူချိန်မှာ ၃၄ ဒသမ ၄ ဒီဂရီဖြစ်သည်။



မှန်းလွဲ သုံးနာရီအထိ အသက် ၁၅ နှစ်မှ ၉၄ နှစ်အကြား လူပေါင်း ၅၇ ဦးကို အပူလျှပ်သည်ဟုသံသယရှိသည့်အတွက် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်ဟု တိုကျိုမီးသတ်ဌာနက ပြောသည်။

ဇွန် ၁၉ ရက်တွင်လည်း အပူချိန် ဆက်လက်မြင့်မားနေဦးမည်ဟု ခန့်မှန်းထားသည်။ နာဂိုယာနှင့် ဂီဖူခရိုင်တို့တွင် နေ့အပူချိန်မှာ ၃၇ ဒီဂရီ ရှိမည်ဟု ခန့်မှန်းထားသည်။ ပြည်သူများအနေဖြင့် လိုအပ်ပါက လေအေးပေးစက်အသုံးပြုရန်၊ ပြင်ပလှုပ်ရှားမှုများ ပြုလုပ်စဉ်အတွင်း မကြာခဏ အနားယူရန်နှင့် ရေနှင့်ဓာတ်ဆား သောက်သုံးရန် အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ

# လာအိုနိုင်ငံ၌ မိုးဆက်လက်ရွာသွန်းမှုများကြောင့် ရေကြီးမှုဖြစ်လာနိုင်ဟု သတိပေး

ဗီယင်ကျန်း ဇွန် ၁၈

လာအိုနိုင်ငံ ဒေသအများအပြား၌ မိုးဆက်လက်ရွာသွန်းပြီး မြစ်ချောင်းများတွင် ရေများဆက်လက်မြင့်တက်နေသည့်အတွက် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်နိုင်ကြောင်း လာအိုနိုင်ငံရှိ မိုးလေဝသဖျူရိုက သတိ ပေးထားသည်။

ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ လာအိုနိုင်ငံတစ်ဝန်း မိုးအဆက်မပြတ်ရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် မြောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များရှိ ပြည်သူများအားလုံး သတိပြုနေထိုင်ကြရန်နှင့် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ကြရန် အကြံပြုထားသည်။ ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရာသီဥတုနှင့်ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။

လာအိုနိုင်ငံတောင်ပိုင်း ဆာဗန်နာခက် ပြည်နယ်ရှိ မြစ်ရေသည် ဇွန် ၁၇ ရက်က ၁၅ ဒသမ ၇၀ မီတာအထိ ရောက်ရှိခဲ့ပြီး စိုးရိမ်ရေမှတ် ၁၅ မီတာထက်ပို၍ ကျော်လွန်ခဲ့သည်ဟု လာအိုနိုင်ငံ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၁၈ ရက် အစီရင်ခံစာအရ သိရသည်။

မြေနိမ့်ပိုင်းတွင်နေထိုင်ကြသည့် ပြည်သူများ လုံခြုံစိတ်ချရသည့် နေရာများသို့ပြောင်းရွှေ့ရန် ပြင်ဆင်ထားသင့်ကြောင်း အာဏာပိုင်များက အကြံပြုထားသည်။ လာအိုနိုင်ငံမြောက်ပိုင်း ဖုန်ဆာလီပြည်နယ်၌ ပြီးခဲ့သည့်ရက်အနည်းငယ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၆ ရက်တွင် မြစ်ချောင်းကမ်းပါးများပြိုကျကာ နေအိမ်များနှင့် စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရသည်။

ဆင်ဟွာ

# နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရန် လာအိုနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ဗီယင်ကျန်း ဇွန် ၁၈

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကို ပူးပေါင်းတိုက်ဖျက်ရန်နှင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် ၎င်းတို့၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ကြသည်။

လာအိုနှင့် ထိုင်းနိုင်ငံတို့မှ ထိပ်တန်းစစ်ဘက်နှင့် နယ်စပ်လုံခြုံရေးအရာရှိများသည် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မဟာဗျူဟာမြောက် ဆွေးနွေးမှုများကို လာအိုတောင်ပိုင်း သုဝဏ္ဏခက် (Savannakhet) ပြည်နယ်တွင် ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ တွေ့ဆုံခဲ့ကြောင်း လာအိုပြည်သူ့တပ်မတော်သတင်းက ဇွန် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

အစည်းအဝေးတွင် ယခင်အစည်းအဝေးများမှ သဘောတူညီချက်များကိုအကောင်အထည်ဖော်ရန်နှင့် လာအို-ထိုင်းနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ပါသည်။

နှစ်ဖက်အဖွဲ့များသည် နယ်စပ်ဒေသငြိမ်းချမ်းလုံခြုံပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် လှုပ်ရှားမှုများ ကင်းစင်စေရန် သဘောတူညီခဲ့ကြသည်။

နယ်စပ်ဒေသကို ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဇုန်အဖြစ် အသွင်ပြောင်းနိုင်ရန်အတွက် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ပိုမိုစည်းလုံးညီညွတ်ပြီး ထိရောက်သောအစီအမံတစ်ရပ်ကို ဖော်ဆောင်သွားရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်။

ထိုသို့ လုပ်ဆောင်ခြင်းသည် ကျယ်ပြန့်သော ဒေသတွင်းနှင့် နိုင်ငံတကာ ကြိုးပမ်းမှုများနှင့် ကိုက်ညီပြီး မူးယစ်ဆေးဝါးကင်းစင်သော အသိုက်အဝန်းများ ဖန်တီးပေးမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် နှစ်ဖက်စလုံးမှ သတင်းအချက်အလက်များ မျှဝေခြင်းနှင့်မူးယစ်ဆေးဝါးရောင်းဝယ်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ဆင်ဟွာ



# ဖိလစ်ပိုင်နိုင်ငံ၌ ဖုံးခြောက်လှန့်မှုကြောင့် စာသင်ကျောင်းနှင့် လုပ်ငန်းများ ခေတ္တပိတ်ခဲ့ရ

မနီလာ ဇွန် ၁၈

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ဘက် လာဂူနာပြည်နယ်ရှိ မြို့တစ်မြို့တွင် ဖုံးထောင်ထားသည်ဟူသော ခြောက်လှန့်မှု လူမှုကွန်ရက်မီဒီယာတွင် ပျံ့နှံ့နေသည့်အတွက် ဇွန် ၁၈ ရက်က စာသင်ကျောင်းများနှင့် လုပ်ငန်းများ ခေတ္တပိတ်ခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ဖုံးခြောက်လှန့်မှုတစ်ခု လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေကြောင်း ဆန်တာရောဇ်မြို့တော်ဝန် အက်ဂါဆန်လူဝစ်က ပြောသည်။ ယင်းသို့ခြောက်လှန့်မှုကြောင့် ပြည်နယ်အစိုးရက လုံခြုံစိတ်ချရရေးအတွက် အစိုးရကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ၏ စာသင်ချိန်များ ယာယီရပ်နားခဲ့ပြီး လုပ်ငန်းများလည်း ရပ်နားခဲ့ရသည်။

ဆန်တာရောဇ်မြို့ရှိ ဒေသဆိုင်ရာအာဏာပိုင်များက အဆိုပါ ဖုံးခြောက်လှန့်မှုကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ဒေသခံများ သတိဝီရိယရှိကြရန် တိုက်တွန်းထားကြောင်း မြို့တော်ဝန်က ပြောသည်။ မမှန်မကန် သတင်းဖြန့်ဝေသူများကို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောသည်။

ဆင်ဟွာ


## မြန်မာနိုင်ငံတစ်ဝန်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၈**


ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ၂၄-၆-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထားသည့် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၂၀-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထားသည့် ၂၃-၆-၂၀၂၅ ရက်နေ့မှ ၂၄-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထားသည့် ၂၁-၆-၂၀၂၅ ရက်နေ့မှ ၂၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



## ငွေဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အမှိုက်ခွဲခြားစွန့်ပစ်မှုအကြောင်း ဟောပြောပွဲကျင်းပ

**ငွေဆောင် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ မြို့စည်ပင်သာယာရေးအဖွဲ့က အမှိုက် အမျိုးအစားလေးမျိုးခွဲခြားနည်းနှင့် အမှိုက်ပုံးအရောင်ခွဲသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းနှင့် အမှိုက်စွန့်ပစ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၁၁ နာရီက ငွေဆောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ငွေဆောင်)၌ ကျင်းပသည်။



ဦးစွာ မြို့ စည်ပင်သာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်မင်းဦးက ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်စေရန်အတွက် အမှိုက်အမျိုးအစား စနစ်တကျခွဲခြား၍ စွန့်ပစ်ရန်လိုအပ်မှုများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမင်းကျော်ခိုင်က အမှိုက်ပုံးလေးမျိုးထဲသို့ လက်တွေ့အမှိုက်စွန့်ပစ်ခြင်းကို သရုပ်ပြဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများကို လက်တွေ့လုပ်ဆောင်စေသည်။ ထို့နောက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား စွန့်ပစ်အမှိုက်လေးမျိုးအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**ငွေဆောင်(ပြန်/ဆက်)**

## မအူပင်မြို့၌ အမှိုက်များခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့်လက်တွေ့သရုပ်ပြ

**မအူပင် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အမှိုက်များ ခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ပြုလုပ်သည်။



အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ခေတ္တအမှုဆောင်အရာရှိ ဒေါ်စိန်စိန်စိုးက အမှိုက်စိုအမျိုးအစားတွင်ပါဝင်သည့် ပစ္စည်းများကို အစိမ်းရောင်ပုံးတွင်လည်းကောင်း၊ အမှိုက်ခြောက်အမျိုးအစားတွင်ပါဝင်သည့် ပစ္စည်းများကို အဝါရောင်ပုံးတွင်လည်းကောင်း၊ ဘေးအန္တရာယ်ရှိ အမှိုက်အမျိုးအစားတွင်ပါဝင်သည့်ပစ္စည်းများကို အနီရောင်ပုံးတွင် လည်းကောင်း၊ ပလတ်စတစ်အမှိုက်အမျိုးအစားတွင် ပါဝင်သည့် ပစ္စည်းများကို အပြာရောင်ပုံးတွင်လည်းကောင်း စနစ်တကျ စွန့်ပစ်ရန် လက်တွေ့သရုပ်ပြသခဲ့သည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အထက်မင်းလှမြို့နယ်၌ မိုးနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး သရက် အတွင်းရှိ ကျေးရွာများသည် ခရိုင် အထက်မင်းလှမြို့နယ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို



လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မိုးနှမ်းကို ဧက ၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို ဧပြီလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ နှမ်းဖြူမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် တစ်ဧကလျှင် မျိုးစေ့ ခုနစ်ပြည်ခန့် အသုံးပြု၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ယခင်နှစ်၌ စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် မိုးနှမ်းစိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မိုးနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက် ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသော ပဲစင်းငုံသီးနှံကိုလည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို မေလဆန်းတွင် စတင်စိုက်ပျိုးပြီး ၇-၈ လခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံသီးနှံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ပဲစင်းငုံ အနီမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် မျိုးစေ့ ၄-၅ ပြည်ခန့် အသုံးပြု၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပဲစင်းငုံ ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တောင်သူများက တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ဆူးပုပ်ပင်စိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ငရုတ်စသည်ဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များအနက် စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ဆူးပုပ်ပင်များကိုလည်း မိသားစုအပိုဝင်ငွေ ရရှိရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

ဆူးပုပ်ပင်များကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် ဆူးပုပ်ရွက်များကို စတင်ခူးဆွတ်ရ၍ တစ်နှစ်ခန့်အကြာတွင် လှိုင်လှိုင်ထွက်ပေါ်ကြောင်း၊ ဆူးပုပ်ကြီးနှင့် ဆူးပုပ်လေးဟူ၍ရှိပြီး ဆူးပုပ်ကြီးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ၄-၅ ညွှန့်ပါ အစည်းပေါင်း ၃၀၀၀-၃၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့ရှိ ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ဆူးပုပ်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပြီး အကျိုးအမြတ်များ ရရှိကြောင်း ဆူးပုပ်ပင်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



## သံပရာသီးစိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသော သံပရာသီးကို ဥယျာဉ်ခြံမြေနှင့် ယာမြေများတွင် အပိုဝင်ငွေရရှိရန်အတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

သံပရာသီးကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးကြကာ မျိုးအနေဖြင့် ဗမာသံပရာမျိုးနှင့် သံပရိုမျိုးများကို စိုက်ပျိုးကြပြီး သံပရိုမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးစေ့ကိုပျိုးထောင်၍ ပျိုးပင်စိုက်ပျိုးခြင်းနှင့် ကိုင်းကူးပင်များကို ဝယ်ယူစိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးလျက်ရှိရာ သံပရာကိုင်းကူးပင်များကိုသာ အများဆုံးဝယ်ယူစိုက်ပျိုးကြကြောင်း၊ ပင်ကြားတန်းကြား ၁၂ ပေအကွာအဝေးဖြင့် တစ်ဧကလျှင် အပင်ရေ ၃၀၀ ကျော်ခန့် ဝင်ဆံ့စိုက်ရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ကျော်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရ၍ တစ်ဧကလျှင် တစ်နှစ်အတွက် သံပရာသီးအလုံးပေါင်း ၂၀၀၀၀ ခန့်ထွက်ရှိရာ ထွက်ရှိသည့် ရာသီချိန်အပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ ရောင်းချကြကြောင်း၊ သံပရာသီးနှံသည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး ဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကြောင်း သံပရာစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မန္တလေး)

### ၁၈ - ၆ - ၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၇၀၂၅ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၆၀၀၀ | ၂၃၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၈၇၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၆၁၅ | ၁၄၀၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၇၅ | ၂၁၀၀၀ | ၆၉၀၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၃၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၉၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၇၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၇၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၉၀၀၀ | ၆၈၁၀ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၉၂၀၀ | ၆၈၁၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၀၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (ကုန်လှောင်ရုံ) ၌ လေယာဉ်ခရီးစဉ် အမှတ် 8M-336, SF- 5608, DHL HAWB No. 2186667556 ဖြင့် ဟောင်ကောင်မှတရားမဝင်တင်သွင်းလာသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်း ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ် အမှတ် 8M-365/ SF-5768 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ တလိုင်းစုရပ်ကွက် တလိုင်းစု (၃)လမ်း အိမ်အမှတ် (၄) ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ (၃) လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၁၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၁၅၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Surf တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၉၆၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၅ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၆၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၅၈၆၅၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန် အစားအထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၈**

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ်၊ နမ္မတူမြို့နေ မ-----/၁၇/၂၀၂၅ နှစ်နှင့် မ-----/၁၆/၂၀၂၅ နှစ်တို့ နှစ်ဦးသည် ၂၀၂၃ ခုနှစ် (ရက်/လ) မမှတ်မိတွင် မူဆယ်မြို့ ဂိမ်းဆိုင်တွင် အလုပ်လုပ်ကိုင်နေစဉ် မဆိုင်ဟွမ်နှင့် ယခင်က လားရှိုးမြို့ Spa ဆိုင်၌ အလုပ်အတူ လုပ်ကိုင်ခဲ့သူ မခမ်းလင်းက Tik Tok @User 217194 7360280 အကောင့်ဖြင့် ဆက်သွယ်၍ တရုတ်ကောင်မလေးလုပ်ရမည်၊ ယွမ် ၃၅၀၀၀ ရရှိမည်၊ မပျော်ပါက ပြန်ခေါ်ပေးမည်ဟု စည်းရုံးကာ မခမ်းလင်းက စိုင်းခမ်းကော်နှင့် ဇနီး မနန်းယွမ်းယာတို့ထံ ချိတ်ဆက်ပေးခဲ့ပြီး အဆိုပါလင်မယားက တရုတ်နိုင်ငံနေသူ မအေနန်းထံ ၎င်းတို့နှစ်ဦး၏ ဓာတ်ပုံရိုက်ယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း စိုင်းခမ်းကော်မှ ၎င်းတို့ နှစ်ဦးအား မူဆယ်-သိန္နီ-နမ့်တစ်သို့ ကားအဆင့်ဆင့်ဖြင့် ခေါ်ဆောင်ကာ အမည်မသိ တည်းခိုခန်းသို့ ပို့ဆောင်ခဲ့စဉ် ၎င်းအမျိုးသမီးငယ်နှစ်ဦးက တရုတ်ယောက်ျားယူရန် ဆန္ဒမရှိတော့၍ မူဆယ်မြို့သို့ ထွက်ပြေးလာခဲ့သဖြင့် စိုင်းခမ်းကော်ပါ လေးဦးအား ရဲအုပ် ခိုင်ထူးဖိုလ် မူဆယ်တပ်ဖွဲ့စု (၁၇) မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ပြီး မူဆယ်မြို့မရဲစခန်း (ပ)၈၂/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။

မူဆယ်ခရိုင် တရားရုံးမှ ဇွန် ၁၆ ရက်တွင် တရားခံ စိုင်းခမ်းကော် ရပ်ကွက်(၆) နောင်ပိန်ရွာ ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မနန်းယွမ်းယာ ပုံဟာရွာ စလန်းပုန်ထွန်အုပ်စု မိုင်းရယ်မြို့ ရှမ်းပြည်နယ်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) ဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မခမ်းလင်း အေးမေတ္တာ ဘုန်းကြီးကျောင်းအနီး အမှတ်(၂)ရပ်ကွက် ကျောက်မဲမြို့ ရှမ်းပြည်နယ်နှင့် မအေနန်း မိန်းတိန်မြို့ တရုတ်နိုင်ငံနေသူတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**



ဝေါမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် နံနက် ၁ နာရီက ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မြို့မှ ဘားအံသို့ ယာဉ်မောင်း ရန်နိုင်စိုး မောင်းနှင်ပြီး သီဟစိုး(ခ) မောင်စိုး လိုက်ပါလာသော မှန်လုံယာဉ်အား သတင်းအရ စစ်ဆေးရှာဖွေရာ အိုက်စ် (မက်သ်အဖက်တမင်း) ၁၂၅ ကီလို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ် (မက်သ်အဖက်တမင်း) များအား ရန်ကုန်မှဘားအံသို့ သယ်ဆောင်ခိုင်းသူ စိုးမင်း အား ယင်းနေ့ နံနက် ၁၁ နာရီတွင် ဘားအံမြို့နယ် ခနမ်းဒိုကျေးရွာအနီး ဘားအံ-မြဝတီသွား ကားလမ်းတွင် GRAND STAREX မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို ရန်ကုန်မြို့မှ တစ်ဆင့် မြဝတီမြို့သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြစ်ကြီးနားမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ဇွန် ၁၆ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဆွမ်ပရာဘွမ်လမ်းနှင့် ဂျပန်လမ်းဆုံ မီးပွိုင့်တွင် အမှတ် (၁၅) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ပိတ်ဆို့ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နေ ဇော်မိုင်နော် (၂၅) နှစ် မောင်းနှင်လာသည့် SHN-12 3I/xxxx NISSAN X-TRAIL အဖြူရောင်မော်တော်ယာဉ်၊ တပ်ကုန်းရပ်ကွက်နေဇက်အောင် (၂၀) နှစ် မောင်းနှင်လာသည့် YGN-7 2M/xxxx HONDA FIT အဖြူရောင်မော်တော်ယာဉ်နှင့် တပ်ကုန်းရပ်ကွက်နေ ဆိုင်းအောင် (၃၈) နှစ် မောင်းနှင်လာသည့် MDY-5 7P/xxxx HONDA FIT အဖြူရောင်မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်မိုင်နော်၊ ဇက်အောင်နှင့် ဆိုင်းအောင် တို့ သုံးဦးအား ပလနနယ်မြေရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဖျာပုံမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ဖျာပုံ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဖျာပုံမြို့နယ် မှော်ဘီကျေးရွာ အလက(ခွဲ)မှော်ဘီ ကျောင်းရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီးထံ ပျိုးပင်များပေးအပ်သည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံများက စုစုပေါင်းပျိုးပင် ၁၀၃၅ ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**



## လှိုင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာဖြန့်ဝေ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် အမှတ်(၇) မရမ်းမြိုင်လမ်းအတွင်း မိုးရာသီကာလအတွင်း ခြင်၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန်၊ ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း ဆောင်ရွက်ပြီး ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

လှိုင်မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် ကျန်ရှိနေသော ရပ်ကွက်များကို ဆက်လက်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



## ရမည်းသင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းလုပ်ငန်း စတင်ဆောင်ရွက်

**ရမည်းသင်း ဇွန် ၁၈** ကန်-အုတ်ဖို-ကြံပင်-ထန်းတော ရမည်းသင်းမြို့နယ် အင်ကြင်း လမ်း ကတ္တရာလမ်းခင်းခြင်း



လုပ်ငန်း ဆောင်ရွက်နေမှုအား မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့်အဖွဲ့သည် ယမန်နေ့က ကွင်းဆင်းကြည့်ရှုသည်။

**စတင်ဆောင်ရွက်**

အဆိုပါလမ်းကို ယမန်နှစ်ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၂၅ ဒသမ ၅၃၀ ဖြင့် (၀/၄) မိုင်အရှည် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၅ ဒသမ ၃၁၁ သန်းဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန္တာလင်း(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်၌ နွေစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀ ကွင်းသရုပ်ပြ

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါး မျိုးစေ့ထုတ် စိုက်ခင်း ဧက ၂၀၀ ကွင်းသရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဇွန် ၁၈ ရက်က မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာ ဦးပိုင်အမှတ် (၁၀၅)၊ ကွင်းအမှတ် (၈၄၉) ရှိ နွေစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀ ရှိ တောင်သူ ဦးမြင့်အေး၏ စိုက်ဧက ၂ ဒသမ ၅ ဧကတွင် ရိတ်သိမ်းရာ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းတွင် (GW-11) မျိုးစပါးစိုက်ပျိုးထားပြီး စံကွက်ရိတ်သိမ်းခဲ့ရာ စိုက်ဧက တစ်ဧက စပါးတင်း (အစို) ၁၂၀ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြ

**မော်လမြိုင်ကျွန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ Drum seeder ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက



မရဲ့အုန်းပင်စုကျေးရွာ ဦးတင်အောင်သန်း၏ စံပြစက်မှုလယ်ယာစနစ်တကျ လယ်ယာမြေ ငါးဧကတွင် အောင်နိုင်တိုးစပါးကို Drum seeder ဖြင့် စိုက်ပျိုးရန်စီစဉ်ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးသည်။

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကြောင့် ကြခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာ ရရှိနိုင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေတတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း၊ ရေကိုပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။ **ရဲကိုမောင် (ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရေး အသိပညာပေး ဆောင်ရွက်

**ရေဦး ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် မြို့မရဲတပ်ဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဇွန် ၁၃ ရက်က မြို့မရဲတပ်ဖွဲ့စခန်း ဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ပေးခြင်းများကိုလည်းကောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမများက ရဲစခန်းအတွင်းရှိ မိသားစုနေအိမ်များသို့ အသိပညာပေးခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်း ဦးဆောင်၍ တာဝန်ရှိသူများက အောင်မင်္ဂလာရပ်ကွက်အတွင်း ကွင်းဆင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ပြုလုပ်ပေးသည်။

**သန်းသန်း(ရေဦး)**



## မအူပင်မြို့၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မအူပင် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသို့ အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက အမှတ်(၄) ရပ်ကွက်ရှိ တိုးရွှေဝါခန်းမရှေ့၌ ခရိုင်၊ မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆန်ကုန်သည်များအသင်း၊ ဆီကုန်သည်များအသင်းနှင့် ဥစားကြက်ခြံမွေးမြူရေးလုပ်ငန်းရှင်များပူးပေါင်း၍ ကြက်ဥ တစ်လုံးလျှင် ငွေကျပ် ၃၀၀ နှုန်း၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ နှုန်းနှင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ နှုန်းဖြင့် စားသုံးသူများ လက်ဝယ်အရောက်ရောင်းချပေးသည်။

အဆိုပါ ရောင်းချနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊
ပြည်လည်းလှ။

## ခိုလမ်မြို့၌ ၂၀၂၅ ခုနှစ် (မိုးရာသီ) လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပေး

**ခိုလမ် ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ ၂၀၂၅ ခုနှစ် (မိုးရာသီ) လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက တုန်ဟုန်းကျေးရွာအနီးတွင် ကျင်းပသည်။

ထို့နောက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း၊ နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် နမ့်စန်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းနိုင်တို့က စိုက်ပျိုးရန်သစ်ပင်များကို ပေးအပ်ရာ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး၊



အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တိုင်းရင်းသားများ ကိုယ်စား တိုင်းရင်းသားတစ်ဦးနှင့် ဒေသခံများကိုယ်စား ဝမ်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားများက ကျွန်းပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ **ခိုလမ်(ပြန်/ဆက်)**

## ရပ်စောက်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**ရပ်စောက် ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့နှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကြီးကြပ်မှုကော်မတီမှ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရာဖွေကယ်ဆယ်ရေး အသင့်စုဖွဲ့ထားရှိမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး



ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဗထူးတပ်နယ် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တပ်နယ်မှအရာရှိများ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များက သဘာဝဘေးဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များ၊ ရှင်းလင်းရေးယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးမင်း ဦးဆောင်သော ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ၊ ရှေးဦးသူနာပြုစုခြင်း၊ ရာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း

**ရမည်းသင်း ဇွန် ၁၈**

ရမည်းသင်းမြို့ပေါ် ရပ်ကွက်အတွင်းရှိ ထရမ်စဖော်မာများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို ဇွန် ၁၈ ရက် နံနက် ၈ နာရီမှစတင်၍ လျှပ်စစ်လိုင်းဝန်ထမ်းများက လိုက်လံ၍ ရှင်းလင်းခြင်း စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေလင်းဖြိုးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ မိုးဦးကာလမလွတ်ကင်းသော သစ်ပင်သစ်ကိုင်း များ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု၊ လျော့နည်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းခြင်းနှင့် လျှပ်စစ်မီးအသုံးပြုသူပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။ **၂၁၄**



## ရွှေတောင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးတိုးတက်စေရန် နွားနို့တိုက်ကျွေး

**ရွှေတောင် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အ.ထ.က (ကြာနီကန်) ကျောင်းတွင် မူလတန်းကျောင်းသား ကျောင်းသူလေးများအား အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နွားနို့တိုက်ကျွေးခဲ့သည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်မောင်စိုးက အမှာစကားပြောကြားပြီး ပြည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြခဲက ကျောင်းသား ကျောင်းသူလေးများအား အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် နွားနို့တိုက်ကျွေးရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးချမ်းဝင်းနှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၄၅၀ အား အာဟာရဖွံ့ဖြိုးတိုးတက်စေရန် နွားနို့ ပိဿာ ၉၀ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် (2025 International Olympic Day) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဇွန်၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားကာယဗလပြိုင်ပွဲ ကိုယ်အလေးချိန် up to 65 kg၊ ကိုယ်အလေးချိန် up to 75 kg၊ ကိုယ်အလေးချိန် up to a ke and over 80 kg၊ အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား Athletic Physique ပြိုင်ပွဲ (Open)၊ Sport Physique (Open)၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athlitic Physique ပြိုင်ပွဲ (Open)၊ အမျိုးသမီး Modal Physique {Open) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို စိတ်ပါဝင်စားသည့် ပြိုင်ပွဲဝင်များသည် ဇွန် ၂၅ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၄၄၃၀၉၄၇၉၉ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **အာကာစိုး**

## သထုံမြို့၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**သထုံ ဇွန် ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ဘင်လှိုင်အောက် အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေး ဟောပြောခြင်း၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များ ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။



ဦးစွာ အ.မ.က (ဘင်လှိုင်အောက်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေမီထွေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခြင်း၊ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများနှင့် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ လမ်းမတော်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် " နိုင်ငံကြီးသား ပီသစွာ ဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

ဧရာဝတီမျိုးစေ့ ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း **NK 625** သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်း ပျမ်းမျှ ၉၅% သို့မဟုတ် ၉၅%ထက်မြင့်မားမှုရှိပြီး တောင်သူများ ယုံကြည်စိတ်ချစွာ စိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။

အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီ ဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။

သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော **NK 625 5kg (Thailand)** မျိုးစေ့များတွင် အပင်ပေါက် သက်ရောက်မှုများ ရှိခဲ့ပြီး သတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်-

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅% အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်း စံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ် (သို့) **Lots** ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသော မျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  **NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923**
- တောင်သူများ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာ ဖြစ်ပေါ်လျက်ရှိသော ကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော**NK 625 5kg** မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့် (သို့မဟုတ်) ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ကီလို တစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှ တစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သော ဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

- နီးစပ်ရာကိုယ်စားလှယ်ဆိုင်
- ရှမ်း(တောင်) : ၀၉-၇၅၀၂၁၁၆၈၇
- ရှမ်း(မြောက်) : ၀၉-၇၅၀၂၁၁၆၈၈
- info@ayeyarwaddyseeds.com

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သော အရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**

## ကန့်ကွက်နိုင်ပါကြောင်း

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅)၊ ဟဲဟိုးချိုင့်ဝှမ်း၊ ဦးပိုင်အမှတ်(၁၇၂)၊ မြေဧရိယာ(၂ဒသမ၅၈)ဧကရှိ လယ်မြေအား ဦးသန်းထွန်းရီ ၁၃/ကလန(နိုင်) ၀၂၇၂၅၁အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိထားရာ အဆိုပါ ပုံစံ(၇)မူရင်းမှာ သိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်းမိတ္တူမှန်အသစ် ပြန်လည်ထုတ်ယူခွင့်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးသန်းထွန်းရီ၊ ၁၃/ကလန(နိုင်)၀၂၇၂၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၂)၊ ဦးပိုင်အမှတ်(၂)၊ ၂၆လမ်း၊ ၈၁x၈၂ လမ်းကြားရှိ ဦးစိန်ထွန်း၊ဦးသိန်းစိုး၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်တင်တင်မြင့်၊ ဦးတင်စိုး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်၊ ဦးယုကြိုင်တို့အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၉၂၈/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နယ်လီ၏ (GP ရရှိသူ ဦးခင်မောင်စိုး) ဦးသိန်းစိုး၊ ဦးချစ်မြင့်၊ ဒေါ်တင်တင်မြင့်၊ ဦးယုကြိုင်တို့၏ (GP ရရှိသူ ဦးထင်အောင်ကျော်) ဦးတင်စိုး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်တို့(၈) ဦးအနက် ဒေါ်နယ်လီထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၁၅၃/၂၀၂၅)ဖြင့်စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဦးသိန်းစိုး ၇/တငန(နိုင်)၀၀၈၉၀၁၊ ဦးချစ်မြင့် ၁၂/မဂတ (နိုင်)၀၄၈၂၁၈၊ ဒေါ်တင်တင်မြင့် ၁၂/ပဇတ (နိုင်) ၀၂၁၄၆၂၊ ဦးယုကြိုင် ၁၂/တမန (နိုင်)၀၆၇၆၂၇တို့၏ (GP ရရှိသူ ဦးထင်အောင်ကျော်) ဦးတင်စိုး ၉/မနတ (နိုင်)၀၉၅၈၇၆၊ ဒေါ်ခင်ခင်မြင့် ၁၂/တမန(နိုင်)၀၂၂၈၉၁၊ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၆၅၉၀၇တို့က အမှုတွဲအမှတ်(၀၀၇၀/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၁၂)၊ ဦးပိုင်အမှတ် (၁၆+၄၉)၊ ၂၆လမ်း၊ ၈၁x၈၂ ချောင်းပတ်လမ်းကြားရှိ ဦးစိန်ထွန်း၊ ဒုဗမက-သိန်းစိုး၊ ဒေါက်တာမြင့်မြင့်ဦး၊ ဦးမြင့်စိုး၊ ဒေါ်တင်တင်မြင့်၊ ဦးတင်စိုး (ခ)တင်ဦး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်၊ ဦးယုကြိုင်တို့ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၉၃၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နယ်လီ၏ (GP ရရှိသူ ဦးခင်မောင်စိုး)၊ ဦးသိန်းစိုး၊ ဦးချစ်မြင့်၊ ဒေါ်တင်တင်မြင့်၊ ဦးတင်စိုး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်၊ ဦးယုကြိုင်တို့၏ (GP ရရှိသူ ဦးထင်အောင်ကျော်) ၎င်းတို့၏ (၈)ဦးအနက် ဒေါ်နယ်လီထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၁၅၂/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဦးသိန်းစိုး ၇/တငန(နိုင်)၀၀၈၉၀၁၊ ဦးချစ်မြင့် ၁၂/မဂတ(နိုင်)၀၄၈၂၁၈၊ ဒေါ်တင်တင်မြင့် ၁၂/ပဇတ(နိုင်)၀၂၁၄၆၂၊ ဦးယုကြိုင် ၁၂/တမန(နိုင်)၀၆၇၆၂၇တို့၏ (GP ရရှိသူ ဦးထင်အောင်ကျော်)၊ ဦးတင်စိုး ၉/မနတ(နိုင်)၀၉၅၈၇၆၊ ဒေါ်ခင်ခင်မြင့် ၁၂/တမန(နိုင်)၀၂၂၈၉၁၊ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၆၅၉၀၇တို့က အမှုတွဲအမှတ် (၀၆၀၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၁၂)၊ ဦးပိုင်အမှတ်(၃၃)၊ ၂၆လမ်း၊ ၈၁x၈၂ ချောင်းပတ် လမ်းကြားရှိ ဦးစိန်ထွန်း၊ ဦးသိန်းစိုး၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်တင်တင်မြင့်၊ ဦးတင်စိုး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်၊ ဦးယုကြိုင်တို့အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၉၂၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နယ်လီ၏ (GP ရရှိသူ ဦးခင်မောင်စိုး)ဦးသိန်းစိုး၊ ဦးချစ်မြင့်၊ ဒေါ်တင်တင်မြင့်၊ ဦးယုကြိုင်တို့ ၏ (GP ရရှိသူ ဦးထင်အောင်ကျော်) ဦးတင်စိုး၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ရီရီမြင့်တို့(၈) ဦးအနက် ဒေါ်နယ်လီထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၁၅၄/၂၀၂၅)ဖြင့်စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဦးသိန်းစိုး ၇/တငန(နိုင်)၀၀၈၉၀၁၊ဦးချစ်မြင့် ၁၂/မဂတ(နိုင်)၀၄၈၂၁၈၊ ဒေါ်တင်တင်မြင့် ၁၂/ပဇတ(နိုင်) ၀၂၁၄၆၂၊ ဦးယုကြိုင် ၁၂/တမန(နိုင်)၀၆၇၆၂၇တို့၏ (GP ရရှိသူ ဦးထင်အောင်ကျော်) ဦးတင်စိုး ၉/မနတ(နိုင်) ၀၉၅၈၇၆၊ဒေါ်ခင်ခင်မြင့် ၁၂/တမန(နိုင်) ၀၂၂၈၉၁၊ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၆၅၉၀၇တို့က အမှုတွဲအမှတ် (၀၆၀၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(တော်ကလိပ်ကျေးရွာ) Grade-11မှ မောင်ကောင်းခန့်လင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဆန်း ၁၂/ကခက(နိုင်) ၀၇၁၁၃၇ ဖြစ်ပါကြောင်း။

**ဦးမျိုးဆန်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(တော်ကလိပ်ကျေးရွာ) Grade-12 မှ မယမင်းရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လတ် ၁၂/ကခက(နိုင်) ၁၀၀၃၂၈ ဖြစ်ပါကြောင်း။

**ဦးခင်မောင်လတ်**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးကျေးရွာနေ(ဘ) ဦးမြင့်သိန်း၏ သားဖြစ်သူ မောင်ကျော့မောင်ခိုင် ၉/တကန(နိုင်)၁၃၀၁၂၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၁၉၈၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျွန်းသာယာ (မူလွန်) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချို ၇/သနပ(နိုင်)၀၄၀၁၄၃၏ ဖခင် ဦးကျင်အေး(ခ) ဦးကြင်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျင်အေး(ခ)ဦးကြင်အေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/8761 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅စီဂျီ)၊ လူနေရပ်ကွက်အမှတ် (ဆရာစံတောင်)၊ မြေကွက်အမှတ်(၁၃၁၃)၊ မေယုလမ်း၊ အမှတ်(၂၀)၊ အကျယ်အဝန်း(၂၀ပေx၄၀ပေ)၊ ဧရိယာ (၈၀၀ စတုရန်းပေ) အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးသန်းလွင်(၁၂/ဗဟန(နိုင်) ၀၅၇၉၂၆)၊ ဒေါ်မေဆန်း (၁၂/ဗဟန(နိုင်)၀၅၇၉၃၉)၊ ဒေါ်ဝင်းဝင်းရှိန်(၁၂/ဗဟန(နိုင်) ၀၅၇၉၂၉)တို့ အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်အတူ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၏ ပထမထပ်နှင့်ဒုတိယထပ် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူ ဦးသန်းလွင်-ပါ၃ဦးတို့သည် (၉၆)ပါးရောဂါဖြင့်အသီးသီး ကွယ်လွန်သွားခဲ့ပါသည်။ ဦးသန်းလွင်-ပါ၃ဦးတို့၏ အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးရင်းချာများဖြစ်ကြသော (၁) ဦးရဲရန်အောင် (၁၂/ဗဟန(နိုင်)၀၀၃၉၆၄)၊ (၂) ဦးသန့်ဇင်အောင်(၁၂/ဗဟန(နိုင်)၀၇၆၈၁၆) တို့နှစ်ဦးသာ အမွေဆက်ခံသူများအဖြစ် ကျန်ရှိပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံမှ ပထမထပ်နှင့် ဒုတိယထပ်အား သားနှစ်ဦးလုံး၏ သဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲရန်အောင်၊ ဦးသန့်ဇင်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကျင်စန်း** | **ဒေါ်သီရိတင်သန်း (LLB, LL.M)** |
| **B.A(Law)LL.B တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၄၅၇)(၂၃-၂-၁၉၈၈)** | **(စဉ်-၁၄၆၁၇)(၁၄-၆-၂၀၁၈)** |

**ဒေါ်ခင်သီတာမြင့်အောင်**
**(LL.B, D.B L) အထက်တန်းရှေ့နေ**
**(စဉ်-၅၂၀၆၄)(၃၀-၁၂-၂၀၁၉)**
**အမှတ် ၃၇၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၇၈၈၈၀၈၊ ၀၉-၂၅၀၁၀၁၂၄၃၊ ၀၉-၄၂၂၅၃၇၃၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/88771, Yamaha DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင်ဦး ၉/မရတ(နိုင်) ၀၁၆၃၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/1931, ISUZU BIGHORN UBS73GW, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ညွှန့် ၉/မတရ(နိုင်) ၀၇၂၁၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8450,Nissan OTTI H92W, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးသာတင့် ၁၂/ဥကတ (နိုင်) ၀၄၅၁၃၉က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/74056, Dayung 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမွန် ၁၄/ပသန (နိုင်) ၂၆၆၃၉၇က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း (TC)သံကန်(အကြီး၊အသေး)များနှင့် မြောင်းစာသိမ်းသံကန်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူ လိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန် (အကြီး၊အသေး)များနှင့် မြောင်းစာသိမ်းသံကန်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း(ဒုတိယ)အကြိမ် အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၃-၆-၂၀၂၅) ရက်၊ (တနင်္လာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် ရက်/အချိန်** - (၄-၇-၂၀၂၅) ရက်၊ (သောကြာနေ့) (၀၉ : ၃၀) နာရီ မှ (၁၃ : ၃၀) နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်** - (၉-၇-၂၀၂၅) ရက်(ဗုဒ္ဓဟူးနေ့) (ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အလိမ္မာပညာ ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မခြူးပောမာန်သော်၏ ဖခင်အမည်မှာ ဦးအေးထွန်းနိုင် (ခ) ဦးအေးထွန်း ၇/သကန(နိုင်)၀၉၃၂၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအေးထွန်းနိုင်(ခ) ဦးအေးထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ် (မူလွန်)အဗျား စက်စုကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရွှေလှဦး ၇/ဝမန (နိုင်)၀၄၃၈၃၅၏ ဖခင် ဦးဖိုးကွန် (ခ)ဦးဘိုးကွန်မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**ဦးဖိုးကွန်(ခ)ဦးဘိုးကွန်**

## မိခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ဘန်းကချွန်ကျေးရွာ အထက(ခွဲ) စိုင်ဒင်း Grade-7မှ မောင်မြတ်ဘုဏ်းမိုင်၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်နန်းဝေလင်းခမ်း ၆/ကသန(နိုင်) ၀၇၈၆၃၈ ဖြစ်ပါကြောင်း။

**ဒေါ်နန်းဝေလင်းခမ်း**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၆-၂၀၂၅)ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၆) တွင်ပါရှိသော လွှဲအပ်ညွှန်ကြားသူ ဒေါ်စိန်စိန်(ဘ)ဦးချစ်အေး (၅/စကန (နိုင်)၁၀၇၃၉၁) ၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ဇင်မိမိကျော်၏ အများသိစေရန် ကြေညာခြင်းတွင် [ခေါင်းစဉ်နေရာ၌ ဒေါ်ခင်မျိုးဝင်း အစား ဒေါ်ခင်ချိုဝင်း] ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဒေါ်ဇင်မိမိကျော်**
**(စဉ် - ၄၈၇၈၁ / ၂၆-၅-၂၀၁၇)**
**အထက်တန်းရှေ့နေ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ဃ/အောင်ဇေယျာ၊ မြေကွက်အမှတ် ၁၀၉၊ မြေဧရိယာ ၀.၀၄၈ ဧကရှိ မြေကွက်သည် မူလက ဦးလှဖေ အမည်ဖြင့် ၂၈-၂-၂၀၁၄ ရက်မှ ၂၇-၂-၂၀၂၄ ရက်အထိ (၁၀) နှစ် မြေငှားဂရန်ရရှိထားပါသည်။ ဦးလှဖေ၊ ဒေါ်အမာကြည်တို့သည် တစ်ဦးတည်းသော တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြကြီး အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ၎င်းတို့တွင် ဦးတင်ရှိန်၊ ဦးသောင်းထွန်းနိုင် စသည့်သား (၂)ဦးထွန်းကားခဲ့ပါသည်။ ဦးတင်ရှိန်(၉/မထလ(နိုင်)၀၅၂၆၃၆) နှင့် ဦးသောင်းထွန်းနိုင် (၉/မထလ(နိုင်)၃၂၈၈၀၉)တို့မှ တရားရုံးတွင်ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ အဆိုပါ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၇၇-ဟ/၁၂)၊ မြေဧရိယာ(၀ဒသမ၀၂၇၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက် ထားနိုင်ရေး ဦးခင်မောင်အေး ၉/မနမ(နိုင်) ၀၆၆၀၆၁မှလည်းကောင်း ၊ ဦးပိုင်အမှတ် (၇၇-ဟ/၉)၊ မြေဧရိယာ(၀ဒသမ၁၃၇)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးခင်မောင်အေး ၉/မနမ (နိုင်)၀၆၆၀၆၁မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃-အေ/မြန်မာနန်းတိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၉၆)၊ ဧရိယာ (၀ဒသမ၀၈၃)ဧကရှိ မြေကွက်သည် ဦးလှဖြိုး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ဦးလှဖြိုး (အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးခင်ဇော်)ထံမှ ဒေါ်စန်းစန်းအေး ၁၀/ပမန(နိုင်)၀၆၄၄၆၉က (၁၄-၅-၂၀၂၅)ရက်စွဲပါ စာချုပ်အမှတ်(၅၀/၂၀၂၅)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသင်္ဂြိုဟ်စက်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသင်္ဂြိုဟ်စက်များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း (ဒုတိယ)အကြိမ် အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၃-၆-၂၀၂၅) ရက်၊ (တနင်္လာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် ရက်/အချိန်** - (၄-၇-၂၀၂၅) ရက်၊ (သောကြာနေ့) (၀၉:၃၀) နာရီမှ (၁၃:၃၀) နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်** - (၇-၇-၂၀၂၅ရက်(တနင်္လာနေ့)(ခန့်မှန်း)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/8073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၈၂)၊ ၅၇လမ်းနှင့် ၄၀ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဌေး ၁၂/မဘန (နိုင်)၀၅၁၂၅၃က အမှုတွဲအမှတ် (၀၅၂၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
